


# CBCM Herald
စီဘီစီအမ် သတင်းဂျာနယ်

cbcmosc@gmail.com
၀၉၅ ၁ ၅၂၅၀၀၈

(၁၅)ရက်၊ နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ်။
အတွဲ(၁)၊ အမှတ်(၁၄)

## မြန်မာနိုင်ငံကက်သလစ်သာသနာတော်၏ သတင်းဂျာနယ်





မြန်မာပြည်သို့
ဆလေးရှင်းဂိုဏ်းချုပ်
ကြွလာခြင်း. ...စာ(၄)



AsIPa Workshop ...စာ(၁၇)



အမေရိကန် သမ္မတသစ် ထရမ့်...စာ (၂)



JPနှစ်ပတ်လည်အစည်းအဝေး . .စာ(၁၃)

ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။
(မာကု ၁၆း၁၅)




**CBCM Herald (သတင်း)**

**နာယက**
ဆရာတော်ပီတာလွီစ်ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် လီအို နိန်းခန့်မန်

**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ
ဖာသာရ်စောလောရင်းစ်
ဖာသာရ်ဝီလျံစိုး
ဖာသာရ် ဩဂုတ်စတင်းရွှေ
ဖာသာရ် ဘရန်မိုင်

**ဖြန့်ချီရေးတာဝန်ခံများ**
အာနားလွန်း၊ ကိုလန်ဘန်
သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ဒီဇိုင်းဖွဲ့စည်းပုံ**
စစ္စတာရ်ဒေါမိနစ်ဖန်၊ ရိုစ့်မေရီ

**ပုံနှိပ်တိုက်**
စိန်ဇေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**CBCM Herald သတင်းစာရုံးခန်း**
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
လူထုဆက်သွယ်ရေးရုံးခန်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈
cbcmosc@gmail.com

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ငွေလွှဲရန်**
ရိုးမဘဏ် နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅
မဒမ်ဝိုက်လွန်း ၁၂/ဥကတ(နိုင်) ၁၅၇၃၃၂

## နိုဝင်ဘာလအတွက် ရဟန်းမင်းကြီး၏ဆုတောင်းရန် ရည်ရွယ်ချက်

**ကမ္ဘာတစ်ဝှမ်းလုံးအတွက်ဆုတောင်းရန်ရည်ရွယ်ချက်မှာ-**
ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များစွာ ဝင်ရောက်ခိုလှုံလျှက်ရှိသောနိုင်ငံကြီးများ၏ အတူအကွပေါင်းစည်းမှုကိုပြသသည့် ခွန်အားစိုက်ပံ့ပိုးကူညီလုပ်ဆောင်မှုများကို ယင်းဒုက္ခသည်များကခံစားကြရစေရန်။

**သာသနာတော်အတွက်ဆုတောင်းပေးရန်ရည်ရွယ်ချက်မှာ-**
သာသနာတိုက်နယ်အသီးသီးတွင်ရှိသောရဟန်းဘုန်းတော်ကြီးများနှင့် ဘာသာတူများတို့သည် အချင်း ချင်းစိတ်ပျက်အားငယ်ခြင်းမဖြစ်စေဘဲ အပြန်အလှန် ပူးပေါင်း ပါဝင်လုပ် ဆောင် ခြင်းဖြင့် လူသားထုတစ်ရပ်လုံးကို ဆက်ကပ် အစေခံ မှုကိုဖြစ်စေရန်

# အစဉ်ထာဝရအသက်ရှင်မည့်အကြောင်း

နိုင်ဝင်ဘာလသည် သေလွန်ပြီးသောသူများအတွက် အထူးသတိရ ဆုတောင်းပေးအပ်သောလအဖြစ် ကက်သလစ်သာသနာတော်က သတ်မှတ်ထားပါသည်။

ကက်သလစ်လစ်သာသနာတော်၏သွန်သင်ချက် စာအုပ်အပိုဒ် (၁၂) တွင် "**အစဉ်ထာဝရအသက်ရှင်မည့် အကြောင်းကို ကျွန်ုပ်ယုံကြည်ပါ၏**" ညွှန်ကြားထားပါသည်။ ဆက်လက်၍ "မိမိ၏သေခြင်းကို ယေရှုခရစ်တော် သခင်၏သေခြင်း၌ ပေါင်းစည်းထားသော အကြင်ခရစ်ယာန်တစ်ဦးသည် သူ့အရှင်ယေရှုထံသို့ ခြေလှမ်းလှမ်းလိုက်ပြီး အစဉ်ထာဝရ အသက်ရှင်ခြင်းချမ်းသာသို့ ဝင်ရောက်နေသည်ဟု ရှုမြင်နိုင်၏။ အသင်းတော်သည် နောက်ဆုံး အချိန်တွင် ခရစ်တော်သခင်၏ စကားများကိုအသက်ငင်နေသော ခရစ်ယာန်အပေါ်သို့မြွက်ဆို၍ အပြစ်ဖြေလွှတ် သောအခါ နောက်ဆုံးအနေဖြင့် အင်အားပေးသော လိမ်းကျံခြင်းဖြင့် တံဆိပ်ခတ်နိုပ်၏။ သူ့အားခရစ်တော်သခင် ကိုယ်တော်တိုင်ဖြစ်သော ကိုယ်တော်မြတ်ဘောစဉ်ကို ရိက္ခာအဖြစ် ပေးခြင်းသည် လမ်းခရီးအတွက် အစာအာဟာရ ဖြစ်၏"ဟု နံပါတ်(၁၀၂၀)တွင် တွေ့ပါသည်။

ကောင်းကင်ဘုံအကြောင်းကို နံပါတ်(၁၀၂၃)တွင်"ဘုရားသခင်၏ကျေးဇူးတော်နှင့်မိတ်သဟာယတို့တွင် သေဆုံးသွားသူတို့သည် ပြီးပြည့်စုံစွာ သန့်စင်ခံရပြီး၊ ခရစ်တော်သခင်နှင့်အတူ အစဉ်အမြဲနေကြ၏။ အကြောင်းမှာ သူတို့သည် "ဘုရားသခင်ကို ပကတိအတိုင်း" " မျက်ဝါးထင်ထင်" တွေ့မြင်ကြရသောကြောင့်ဖြစ်၏" ဟု ဖေါ်ပြသည်။

နောက်ဆုံးသန့်စင်ခြင်း သို့မဟုတ် ငရဲငယ်" အကြောင်းကို နံပါတ်(၁၀၃၀)တွင် "ဘုရားသခင်၏ ကျေးဇူးတော် နှင့် မိတ်သဟာယတွင် သေဆုံးသော်လည်း သန့်စင်မှုလုံလောက်ခြင်းမရှိသေးလျှင် သူတို့၏ ထာဝရကယ်တင်ခြင်းမှာ အမှန်တကယ် သေချာသော်ငြားလည်း သေဆုံးသွားကြပြီးနောက် သန့်စင်မှု ခံကြရဦးမည်ဖြစ်၏။ သို့မှသာလျှင် ကောင်းကင်နိုင်ငံတော်၏ ပျော်ရွှင်ခြင်းသို့ ဝင်ရောက်နိုင်ကြရန် လိုအပ်သော သန့်ရှင်းစင်ကြယ်ခြင်းကို ရရှိမည်ဖြစ် သောကြောင့်တည်း" ဟု အတိအကျဖေါ်ပြပေးပါသည်။

"ရွေးချယ်ခံကြရသောသူများအတွက် ဤနောက်ဆုံးသန့်စင်ခြင်းအခြေအနေကို အသင်းတော်က ငရဲငယ် ဟုခေါ်၏။ ယင်းအခြေအနေသည် ထာဝရဒဏ်ခတ်ခြင်းခံကြရသောသူများတို့၏ အခြေအနေနှင့် လုံးဝခြားနား၏။ ငရဲငယ်နှင့်ပတ်သက်၍ ယုံကြည်ရာအချက်ကို အသင်းတော်သည် အထူးသဖြင့် ဖလိုရင်း(စ်) နှင့် ထရင်းညီလာခံ အစည်းအဝေးတွင်တင်ပြ၏။ အသင်းတော်၏ရှေးထုံးသက်သေသည် သန့်စင် သောမီးနှင့်ပတ်သက်၍ သမ္မာကျမ်းစာ တော်မြတ်အချို့ကို ကိုးကား၍ပြသပြောဆို၏" ဟု နံပါတ်(၁၀၃၁)တွင် ဆိုထားပြန်သည်။

သို့ဖြစ်ပါ၍ ဤလောကတွင်အသက်ရှင်ကျန်နေသေးသောကျွန်ုပ်တို့အားလုံးက သေလွန်ကုန်သောသူများ၏ ဝိညာဉ်များအတွက် အထူးဆုတောင်းပေးကြပါစို့။ (အယ်ဒီတာချုပ်)

# အမေရိကန် သမ္မတသစ် ထရမ့်

နိုင်ဝင်ဘာလ(၈)နေ့တွင် ထရမ့်ကို အမေရိကန်နိုင်ငံ၏သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

Vatican နိုင်ငံ၏အတွင်းရေးမှူး(ဝန်ကြီးချုပ်) ကာဒီနယ် Pietro Parolin က အမေရိကန်နိုင်ငံ၏ သမ္မတသစ်အဖြစ် ရွေးချယ်တင် မြှောက်ခံရသော သမ္မတ Donal Trump အားဂုဏ်ပြုဆုတောင်းပေးခဲ့ပါသည်။ ထာဝရဘုရားသခင်က သူ၏နိုင်ငံကို အစေခံနိုင်ရန်လမ်းညွှန်ပေးပါစေ၊ သူသည် ငြိမ်းချမ်းခြင်းကို မြင့်တင်ကာ ကမ္ဘာကြီးကို ကောင်းကျိုး သယ်ပိုး ဆောင်ရွက် နိုင်သူဖြစ်ပါစေ ဟု ဆုတောင်းပေးခဲ့သည်။

"အမေရိကန် ရွေးကောက်ပွဲတွင် ထရမ့် အနိုင်ရခဲ့ပြီးနောက် အောင်ပွဲခံမိန့်ခွန်း ပြောကြားရာတွင် ထရမ့်က သူ၏အဓိက ပြိုင်ဘက် ဟီလာရီ ကလင်တန်ကို ချီးကျူးခဲ့သလို အမေရိကန် အနေဖြင့် ခေါင်းဆောင် တစ်ဦးတည်း၏ ဦးဆောင်မှု အောက်တွင် စည်းလုံးစွာ ရှေ့ဆက်ရန်လည်း တောင်းဆိုခဲ့သည်။

အခုကတော့ အမေရိကန်ဟာ အမြင်ကွဲပြားမှုရဲ့ ဒဏ်ရာဒဏ်ချက်တွေကို ပြန်ကုစားဖို့အတွက် ပေါင်းစည်းသင့်ပါပြီ။ ကျွန်တော်တို့ အတူတကွ ရှေ့ဆက်ရပါမယ်။ ရီပတ်ဘလစ်ကန်တွေရော၊ ဒီမိုကရက်တွေရော၊ တသီးပုဂ္ဂလအမြင်ရှိသူတွေ အားလုံးရောပေါ့။ အခုအချိန်မှာ ကျွန်တော်တို့ဟာ စည်းလုံးညီညွတ်တဲ့ ပြည်သူ့အသိုက်အဝန်း တစ်ရပ်အနေနဲ့ ချီတက်ရပါမယ်'"တစ်ကမ္ဘာလုံးကို ကျွန်တော် အသိပေးချင်တာ တစ်ခုရှိပါတယ်။ ကျွန်တော်တို့ဟာ အမေရိကန်ရဲ့ အကျိုးစီးပွားကို နံပါတ်တစ် ဦးစားပေး အနေနဲ့ အမြဲတမ်း သတ်မှတ်ပါမယ်။ ဒါပေမဲ့ လူတိုင်းကို၊ အားလုံးကို ကျွန်တော်တို့ မျှတစွာ ဆက်ဆံသွားမှာ ဖြစ်ပါတယ်။ တခြားနိုင်ငံတိုင်း၊ တခြားနိုင်ငံတွေက ပြည်သူတိုင်းကိုပေါ့။ ကျွန်တော်တို့ဟာ တူညီတဲ့ အခြေခံမျိုးကို ရှာဖွေပေးသွားမယ်။ ရန်လိုမှာ မဟုတ်ဘူး။ ပူးပေါင်းဆောင်ရွက်မယ်။ ပဋိပက္ခတွေကို မလိုလားဘူး" ဟု ပြောကြားခဲ့ပါသည်။
(အယ်ဒီတာချုပ်)





# တစ်စိတ်တစ်ဝမ်းတည်းရှိခြင်းကသာလျှင်ရွှေ့ပြောင်းအခြေချသူဒုက္ခသည်တို့၏ပြဿနာကိုဖြေရှင်းနိုင်မည့် တစ်ခုတည်းသောနည်းလမ်းအဖြေဖြစ်သည်ဟု ပုပ်ဖရန်စစ်မြွက်ကြား

ဗာတီကန်၊ ၂၆၊၁၀၊၂၀၁၆



ရွှေ့ပြောင်းနေထိုင်သူများနှင့်ခိုလှုံရာရှာ ဒုက္ခသည်များတို့နှင့်အတူ တစ်စိတ်တစ်ဝမ်းတည်းရှိကြရန် ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်က ဗုဒ္ဓဟူးနေ့က စိန့်ပီတာရင်ပြင်တော်တွင်အန် ဂျေလူးမေတ္တာရွတ်ဆိုချိန်၌ မြွက်ကြားခဲ့ပါသည်။ သူစိမ်းများကို ကြိုဆိုခြင်း နှင့် အဝတ်အချည်းဆီးရှိသူများကို ကြိုဆိုခြင်း စသည့် သနားကြင်နာခြင်းလုပ်ငန်းနှစ်ခု အပေါ် ထောက်ရှုကာ တိုးပွားလာနေသော ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များ၊ ထွက်ပြေးတိမ်းရှောင်သူများ၏ အရေးသည် ကျွန်ုပ်တို့၏ ညီအကိုမောင်နှမများအား ကြိုဆိုရန် ဖိတ်ခေါ်နေသည့်အကြောင်းကို အရှင်သူမြတ်က မြွက်ကြားခဲ့ခြင်းဖြစ်ပါသည်။ မတရားမှုများနှင့် အကြမ်းဖက်ခံရမှုများမှထွက်ပြေးသူများစွာတို့ အားရက်ရောသည့် ခရစ်ယာန် ညီအစ်ကိုမောင်နှမတို့၏ ဖေးမကာ ဆက်ကပ်ကူညီမှုများစွာ ရာစုနှစ် အဆက်ဆက်က ရှိခဲ့ပြီး ကျမ်းစာထဲတွင်လည်း တွေ့ရကြောင်း၊ လတ်တလောဖြစ်ပေါ်နေသော စီးပွားရေးပြဿနာများက ကံအကြောင်း မလှစွာဖြင့် လိုအပ်သူများအား ကြိုဆိုခြင်းကို ပိတ်လိုက်သကဲ့သို့ဖြစ်ပြီး တစ်ချို့သော နိုင်ငံများတွင် နံရံတံတိုင်းများပင် ဆောက် လုပ်ထားခြင်းမျိုး ပြုလုပ်လာပြီဖြစ်ကြောင်း၊ ထိုသို့ပိတ်ဆို့ခြင်းများသည် ဘယ်တော့မှ အဖြေမဖြစ်နိုင်သည့်အပြင်၊ လူကုန်ကူးခြင်းအမှုများကိုပင် အားပေးရာရောက်ကြောင်း တစ်ခုတည်းသော အဖြေမှာ တိုင်းတစ်ပါးမှ ရွှေ့ပြောင်းအခြေချသူများနှင့်ခို လှုံရာရှာ ဒုက္ခသည်တို့နှင့် တစ်စိတ်တစ်ဝမ်း တည်းရှိကာ ကူညီပေးခြင်းပင် ဖြစ်သည်ဟု ဆိုပါသည်။ လစာမဲ့ခြင်းသာမဟုတ်ပဲ၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ အိုးအိမ်မဲ့ခြင်းများတို့သည်လည်း အဝတ်အချည်းအစည်းဖြစ်ခြင်းပုံစံတစ်မျိုးပင် ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယုံကြည်ကိုးကွယ်ရာဘာသာကြောင့် သို့မဟုတ် လူမျိုးကွဲပြားမှုတို့ကြောင့် ခွဲခြား ဆက်ဆံမှုများ ဖြစ်သည့်အတွက်ကြောင့်ပင် ဖြစ်ကြောင်း၊ အထက်ပါ အဝတ်အစည်းအချည်းရှိသည့် ပုံစံမျိုးစုံနှင့် ပြဿနာအားလုံးတို့အပေါ် တုံ့ပြန်မှုပေးကြရန်ကျွန်ုပ်တို့ ခရစ်ယာန်များသည် ဖိတ်ခေါ်ခြင်းခံကြရသည်ဟုဆိုကာ စိန့်ပီတာရင်ပြင်တော်တွင် ဗုဒ္ဓဟူးနေ့ အန်ဂျေလူးမေတ္တာရွတ်ဆိုချိန်တွင် အရှင်သူမြတ်ပုပ်ဖရန်စစ်ကမြွက်ကြားခဲ့သည်ကို ဗာတီကန်ရေဒီယိုသတင်းအရ သိရှိရပါသည်။ **(RVA)**

## ရဲရင့်စွာ သာသနာပြုရန် အချိန်တန်ပြီ

ဗာတီကန်။ ၂၂၊၁၀၊၂၀၁၆

ပုပ်ရဟန်းမင်းကြီးသည် ဗာတီကန်ရင်ပြင်၌ အောက်တိုဘာလ (၂၂)ရက်နေ့ တနင်္ဂနွေနေ့ နေ့လည်မေတ္တာဆိုနေစဉ် လာရောက်ဆုတောင်းကြသော ဘုရားဖူးခရီးသည်နှင့် နယ်လှည့်ခရီးများအား "လူဖြစ်ရခြင်းအကြောင်းအရင်း၏အရင်းအမြစ်သည် အဘယ်နည်း။ အဘယ်အတွက်နည်း။ ထောက်ရှုစေပါ။ အစ၊ အလယ်၊ အဆုံးဖြစ်တော်မူသောဘုရားသည် ကျွန်ုပ်တို့၏တစ်ခုသော အရင်းအမြစ် ဖြစ်သည်။ အမှန်တရားနှင့် ပျော်ရွှင်မှုတို့၏ ဦးတည်ရာလည်းဖြစ်ပြီး သာသနာလုပ်ငန်းတို့၏ တစ်ခုတည်းသော သော့ချက်လည်းဖြစ်ကြောင်း" မိန့်ကြားခဲ့သည်။ ၎င်းနေ့၏ဧဝံဂေလိကျမ်းပုဒ်ကို ကောက်နုတ်ကာ "ဒီနေ့ဟာ သာသနာပြုရန်၊ ရဲရင့်ရန်နှင့်တုန်ရီနေသောခြေလှမ်းများကို ဧဝံဂေလိလုပ်ငန်းအတွက် လျှင်မြန်ဖြတ်လတ်စွာ လုပ်ဆောင်ရန်အချိန်ပြီ" ဟု မိန့်ကြားသည်။ ရဲရင့်ခြင်းသည်အောင်မြင်မှုကိုလုံးဝရနိုင်သည် ဟုမဆိုလိုပါ။ ရဲရင့်မှုသည်တစ်ဖက်သားကိုတိုက်ခိုက်အနိုင်ယူရာတွင် မရှိမဖြစ် လိုအပ်သော အရာတစ်ခုဖြစ်သည်။ ဆိုလိုသည်မှာတစ်ပါးသူကို အပြစ်ဖို့ရန်နှင့် အငြင်းပွားရန်မဟုတ်ပဲ လူနှင့်ပေါင်းသင်းဆက်ဆံပြီး အကောင်းသဘောဆောင်ရန် ကျွန်ုပ်တို့တစ်ဦးချင်းစီ ကြိုးစားပါဝင်ရမည်။ အားလုံးနှင့် ပွင့်ပွင့်လင်းလင်းနေပြီး ခရစ်တော်၏ကောင်းမြတ်ခြင်းကို ဖော်ဆောင်ရမည်။ ရဲရင့်ခြင်းသည် အကောင်းသဘောဆောင်သည်။ ယနေ့သမ္မာကျမ်းစာ၌ ဖာရီရှဲလ်နှင့် အခွန်ခံသူနှစ်ဦးတို့၏ ဆုတောင်းပုံကိုကြားနာရာမှာ တရားရစရာကောင်းလှသည်။ ဘဝင်မြင့်သူသည် နိမ့်ကျရမည်ဖြစ်ပြီး နိမ့်ချသောသူသည် ချီးမြှင့်ခြင်းခံရကြောင်း မိန့်မြွက်ခဲ့သည်ဟု ဗာတီကန်သတင်းမှသိရှိရပါသည်။**CBCM-OSC**

## ပုပ်ရဟန်းမင်းကြီးက လူကုန်ကူးခံရသူများအားတွေ့ဆုံ

ဗာတီကန်၊ ၂၇၊၁၀၊၂၀၁၆

ပုပ်ရဟန်းမင်းကြီးသည် အောက်တိုဘာလ (၁၇)ရက်နေ့တွင် နိုင်ငံတကာ လူကုန်ကူးဆန့်ကျင်ရေးအဖွဲ့၊ လူကုန်ကူးခံရသူများနှင့် ဗာတီကန်တွင်တွေ့ဆုံခဲ့သည်ဟုသတင်းရရှိပါသည်။"လူကုန်ကူးဆန့်ကျင်ရေး "Santa Marta Group" ကို ၂၀၁၄ခုနှစ်တွင်ဖွဲ့စည်းခဲ့ကြောင်းသိရသည်။ ဖွဲ့စည်းခြင်း၏ရည်ရွယ်ချက်မှာ အသင်းတော်နှင့် ကမ္ဘာတစ်ဝန်းလုံးရှိ လူကုန်ကူးဆန့်ကျင်ရေးတာဝန်ရှိသူများသည် လူကုန်ကူးနှင့် ပတ်သက်ပြီးဥပဒေအတိုင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်ဖြစ်သည်။

နီးနောဖလှယ်ပွဲ၏ ဒုတိယရက် (အပိတ်ရက်)တွင် "Santa Marta Group" အသင်းအဖွဲ့ကို တည်ထောင်သူထဲမှတစ်ဦးဖြစ်သော ကာဒီနယ် Vincent Nichols နှင့်နာမည်ကြီး လူကုန်ကူးခံခဲ့သူ(၂)ဦးတို့ သက်သေခံခဲ့ရာမှာစိတ်ဝင်စားစရာကောင်းလှကြောင်း သိရှိရပါသည်။ ပုပ်ရဟန်းမင်းကြီးသည်ထိုအစည်းအဝေးသို့တက်ရောက်သော ဘာသာရေးခေါင်းဆောင်များ၊ ရဲများနှင့် လုံခြုံရေးအကြီးအကဲများအား လက်ရှိကျွန်ုပ်တို့ကြုံတွေ့ရသော အကြီးမားဆုံးစိန်ခေါ်မှုများတွင် လူကုန်ကူးမှုသည် တစ်ခုအပါအဝင်ဖြစ်သည်။

လူကုန်ကူးသမားများကို ဝိုင်းဝန်းတိုက်ခိုက်ပေးသည့်အတွက် သင်တို့အားလုံးကို ကျေးဇူးတင်သည်ဟုလည်း ထပ်မံပြောကြားခဲ့သည်။၁၉၉၉ခုနှစ်တွင် အီတလီသို့လူကုန်ကူးခံရသော နိုက်ဂျီးရီးယားနိုင်ငံသား ဘုရင်မ Inyang သည် ပြည့်တန်ဆာလုပ်ငန်းကို အတင်းအဓမ္မပြုလုပ်စေခိုင်းခံရပြီးရဟန်းတစ်ပါး၏ အကူအညီဖြင့်လွတ်မြောက်လာခဲ့သူဖြစ်ကြောင်း သိရသည်။ သူမ၏ အတွေ့အကြုံကို သက်သေခံပြီးသည့်နောက် ၎င်းနီးနောဖလှယ်ပွဲသို့တက်ရောက်သော တာဝန်ရှိ ပုဂ္ဂိုလ်များအား လူကုန်ကူးသူများကို အရေးယူဆောင်ရွက်ပေးရန်နှင့် ပြည်နှင်ဒဏ်ပါပေးရန်၊ မိမိမွေးရပ်မြေတွင်ရှိနေကြသော မိခင်များ၊ မိန်းကလေးများကို လူကုန်ကူးခြင်းဆိုင်ရာ အသိပညာများကိုပေးရန်တောင်းဆိုကြောင်းသိရသည်။ နာမည်ကြီးလူသိများသောဘောလုံးသမား Al Balgura သည် အင်္ဂလန်နိုင်ငံသို့ လူကုန်ကူးခံရကာ နည်းအမျိုးမျိုးဖြင့်ရုန်းကန်ရင်းလွတ်မြောက်လာခဲ့ကာ ယခုတွင်



UK၏"Sport For Freedom"၏ သံအမတ်တစ်ဦးအဖြစ်လုပ်ဆောင်ပြီးတတ်အားသမျှ လူကုန်ကူးခြင်းကို ဆန့်ကျင်ကြောင်းပြောကြားသွားပါသည်။

အာဖရိကမှ လာတင်းအမေရိက၊ အာရှမှယူရိုပ်၊ယူအက်(စ်)နှင့်အာရှအလယ်ပိုင်းနိုင်ငံမှ ၎င်းအစည်းအဝေးသို့ တက်ရောက်သော ပုဂ္ဂိုလ်များသည် လူကုန်ကူးခြင်းကို ဆန့်ကျင်အောင်မြင်နည်းအမျိုးမျိုး အထူးသဖြင့် ပြည့်တန်ဆာလုပ်ငန်းနှင့်ဆိုင်သောအတင်းစေခိုင်းခြင်း၊ လိင်အင်္ဂါအစိတ်အပိုင်း ရောင်းစားခြင်းနှင့်ဆိုင်သော အောင်မြင်မှုအကြောင်းကိုကြားသိရသည်။ သို့သော် တစ်ခါတစ်ရံမှာ အောင်မြင်မှုမရှိပဲ အချည်းနီးဖြစ်သွားကြောင်း ပုပ်ရဟန်းမင်းကြီး၏ "လူသားဆိုင်ရာ ရာဇဝတ်မှုဆန့်ကျင်ရေး" တွင် အထူးပါဝင်လုပ်ဆောင်နေသော လင်မယား (၂)ဦးထံမှသိရှိရကြောင်းသတင်းရရှိပါသည်။





# ကောင်းကင်နိုင်ငံတော်သည်နိုင်ငံသားတို့၏ကျိုးနွံနာခံတတ်ခြင်းဖြင့်ရှင်သန်ကြီးထွားခြင်း

ဗာတီကန်။ ၂၅၊၁၀၊၂၀၁၆




အောက်တိုဘာလ(၂၅)ရက်၊ တနင်္ဂနွေနေ့တွင် ပုပ်ရဟန်းမင်းကြီးက မစ္ဆားတရားတော်မြတ်ကို ဦးဆောင်ကျင်းပရာ မစ္ဆားအတွင်းမိမိ၏ဩဝါဒ၌ ပုပ်ရဟန်းမင်းကြီးကဘုရားသခင်၏နိုင်ငံတော်သည် အသင်းတော်သားများ၏ ကျိုးနွံနာခံတတ်ခြင်းပေါ်တွင် မူတည်၍ ရှင်သန်လျက်ရှိကြောင်း နှင့် ယနေ့ခေတ် အပြင်ပန်းတည်ဆောက်ဖွဲ့စည်းပုံကို အလေးပေးလွန်းသည့်အသင်းအဖွဲ့များကို ခရစ်ယာန်များအနေဖြင့် သတိထားဆင်ခြင်ရန်လိုအပ်ကြောင်း ပြောကြားသွားခဲ့သည်။ တစ်နေ့တာအတွက် ထောက်ရှုရမည့် နှုတ်ကပါတ်တော်အပေါ် မိမိ၏ သုံးသပ်ချက်ကို ကိုးကားလျှက် အရှင်သူမြတ်က ကောင်းကင်နိုင်ငံတော် ဟူသည် တိကျသော ဖွဲ့စည်းတည်ဆောက်ပုံတစ်ခုမဟုတ်၊ တိုးတက်ရှင်သန်ရန် အကူအညီအမြဲလိုအပ်နေသောအရာဖြစ်တယ်၊ ဘုရားသခင်၏ ပညတ်တော်များသည်လည်းလေ့လာဆည်းပူးရန်သက်သက် မဟုတ်ဘဲ လက်တွေ့ဘဝ၌ ဆက်စပ်အသက်ရှင်ရန်ဖြစ်သည်ဟုဆိုခဲ့သည်။ ဆက်လက်ပြီးသူကကောင်းကင်နိုင်ငံတော်ဆိုသည်မှာ အဘယ်နည်း၊ ကောင်းကင်နိုင်ငံတော်ဆိုသည်မှာ သေချာကျနစွာ တည်ဆောက်ထားသောအရာ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ကောင်းစွာဖွဲ့စည်းထားသော အသင်းအဖွဲ့တစ်ခုလည်းဖြစ်နိုင်ပါသည်။

ထိုနိုင်ငံသို့ ဝင်ရောက်ခြင်းမရှိသော သူတို့မှာမူ ထိုနိုင်ငံ၏နိုင်ငံသားမဖြစ်နိုင်ပေ၊ ထိုနည်းတူစွာပင် ဥပဒေ ပညတ်တရားများသည်လည်း ဖြစ်လိမ့်မည်။ ဥပဒေနှင့်ပညတ်တရား တို့သည်လည်း အချိန်နှင့်အမျှတိုးတက်ပြောင်းလဲနေသကဲ့သို့ ကောင်းကင်နိုင်ငံတော်သည်လည်း ရပ်တန့်တည်ငြိမ်နေမည်မဟုတ်ပေ။ ထိုထက်သာလွန်၍ပြောရလျှင် ဘုရားသခင်၏ ကောင်းကင်နိုင်ငံတော်သည် နေ့စဉ်နှင့်အမျှ အသစ်ပြုပြင်ပြောင်းလဲနေပါသည်။ ခရစ်တော်သခင်ပြောကြားပေးခဲ့သော တဆေးပုံဥပမာအတိုင်း ပုပ်ရဟန်းမင်းကြီးက အောက်ပါအတိုင်း ရှင်းလင်းပြောပြသွားခဲ့သည်။ တဆေးသည် တဆေးအဖြစ် ဆက်လက်တည်ရှိမနေဘဲ အဆုံး၌ ဂျုံမုန့်နှင့်ရောခြင်းခံကာ ပေါင်မုန့်အဖြစ်ပြောင်းလဲသွားသည်။ မျိုးစေ့သည်လည်းမျိုးစေ့အဖြစ် ဆက်လက်တည်ရှိမနေဘဲ ပုတ်ပျက်ခံကာ အပင်ပေါက်ရှင်သန်စေခဲ့သည်။ တဆေးနှင့် မျိုးစေ့နှစ်ခုလုံးသည် တစ်စုံတစ်ရာကို ဖြစ်လာနိုင်ရန်အတွက် ပေးဆပ်အသေခံ အပုတ်အပျက်ခံခဲ့ကြရသော အရာများဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ထိုအရာတို့၏ သေးငယ်လွန်း၍အသုံးမကျခြင်းကြောင့် မဟုတ်ပေ၊ သေးငယ်နေလင့်ကစား မည်သို့လုပ်ဆောင်သည်၊ မည်သို့ အကျိုးသက်ရောက်သည်ဆိုသည်က ပိုအရေးကြီးပါသည်။ ဆက်လက်ပြီးပုပ်ဖရန်းစစ်က တစ်လုမ်းကျော်မမြင်တတ်ဘဲ ဥပဒေပညတ်ကိုသာ အဓိကထားသောသူများမဖြစ်ကြရန် သတိပေးဆုံးမခဲ့သည်။ ဘုရားသခင်၏ နိုင်ငံတော်ဖွံ့ဖြိုးရှင်သန်ရန်အတွက်နှင့် လူတိုင်းအတွက် အာဟာရဖြည့်စရာပေါင်မုန့်တစ်လုံး၊ နားခိုစရာအိမ်တစ်လုံးဖြစ်နိုင်ရန်အတွက် ခရစ်တော်သခင်ကကျွန်ုပ်တို့တစ်ဦးစီမှ တောင်းဆိုသောနလုံးသားအမျိုးအစားသည် "ကျိုးနွံနာခံတတ်သော၊ တည်ငြိမ်ကာ လိမ္မာပါးနပ်သောနလုံးသား"ပင်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ အလင်းပေးလမ်းညွှန်မှု၊ ခွန်အားပေးလမ်းပြမှုကို ကျိုးနွံနာခံတတ်သောသူများအားဖြင့် အသင်းတော်ကတိုးတက်ရှင်သန်ရမည်ဖြစ်သည်။ ဂျုံမုန့်သည်တဆေး၏ရောဝင်ပျော်ဝင်မှုကို လက်ခံသကဲ့သို့ ဂျုံမုန့်သည် နာကျင်ရပါသလော၊ မနာကျင်ရပါသလော၊ ကျွန်ုပ်အသေအချာမသိပါသို့သော်ပေါင်မုန့် ဖြစ်လာရန်အတွက် တစ်စုံတစ်ရာဖြစ်ပျက်သွားမည်သာဖြစ်သည်။ကောင်းကင်နိုင်ငံတော်သည်လည်း ထိုနည်းတူဖြစ်၏။ အဆုံး၌ လူတိုင်းအတွက် စားစရာပေါင်မုန့်ဖြစ်လာပါသည်။ ဂျုံမှုန့်သည် တဆေးကိုလည်းကောင်း၊ မျိုးစေ့သည်မြေကြီးကိုလည်းကောင်းကျိုးနွံနာခံလျှက် ပိုမိုကြီးမားသောအရာ၊ ကောင်းမွန်သောရလဒ်တစ်ခုအတွက် မိမိကိုယ်ကိုမိမိ ပြောင်းလဲရန်ခွင့်ပြုခဲ့သည်။ ထိုနည်းတူစွာပင် ကောင်းကင်နိုင်ငံတော်သည်လည်း ပိုမိုပြီးပြည့်စုံသောမျှော်လင့်ခြင်းဆီသို့ရွေ့လှမ်းသွားနေပါသည်။ ထို့ကြောင့် ခရစ်ယာန်တို့သည်လည်းရှင်သန်ခြင်း၊ ကြီးပွားတိုးတက်ရန်အတွက် မလုပ်ဆောင်၊ ရွေ့မတိုးဘဲ မိမိတို့သည် အေးစက်နေမည်ဖြစ်ပြီး ထိုအခြေအနေသည်သူတို့အားဖခင်မဲ့သောကလေးငယ်များကဲ့သို့ ဖြစ်စေနိုင်မည်ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်သည် မိမိ၏သားအတွက် မိမိ၏အသက်ကိုမငဲ့သော မိခင်ကြီးနှင့်တူပါသည်။ ခရစ်တော်သခင်၏နမူနာအတိုင်း နေထိုင်ကျင့်ကြံသောသူလည်းဖြစ်သည်။ ယနေ့ကျွန်ုပ်တို့ဆုတောင်းရမည့်အရာမှာ ဝိညာဉ်တော်ထံမှ ကျိုးနွံနာခံတတ်သော နလုံးသားပင်ဖြစ်သည်။ကြိမ်ဖန်များစွာပင်ကျွန်ုပ်တို့သည် မိမိ၏ဆုံးဖြတ်ချက်၊ မိမိ၏ဩတပ္ပစိတ်၊ လှုံ့ဆော်မှုကို လစ်လျူရှုလေ့ရှိတတ်ပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့က မည်သည့်အရာကို လိုချင် ဖြစ်ချင် သည်ကိုမသိဘဲ ဖြစ်နေတတ်ပြန်သေးသည်။ ကျွန်ုပ်တို့ကိုယ်တိုင်ကလုပ်ဆောင်မှုမရှိပါက ကောင်းကင်နိုင်ငံတော်သည်လည်း မည်သို့မှလုပ်ဆောင်ပေးနိုင်မည်မဟုတ်ပေ။အသင်းတော်ကြီးလည်း တိုးတက်လာနိုင်မည်မဟုတ်သကဲ့သို့ကျွန်ုပ်တို့သည်လည်း တိုးတက်မှုရှိလာနိုင်မည်မဟုတ်ပေ။ သန့်ရှင်းသောဝိညာဉ်တော်ကပေးသော နာခံတတ်ခြင်းကျေးဇူးတော်ဖြင့်သာလျှင်ကျွန်ုပ်တို့သည် တဆေးနှင့်မျိုးစေ့များကဲ့သို့ ဖြစ်လာစေရန် ခွန်အားများရှိလာနိုင်ပါလိမ့်မည်။ ထို့ကြောင့် ထိုကျေးဇူးတော်ကို ရရှိရန်ဘုရားရှင်ထံမှ တောင်းခံသွားကြပါစို့" ဟူ၍မိန့်ကြားခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။ CBCM-OSC

# ဗာတီကန်သက်တော်စောင့်တို့၏လျှို့ဝှက်ချက်(၆)မျိုး

**၁။ ဗာတီကန်စစ်တန်းလျားတွင် ဩစတေးလျားမှ သက်တော်စောင့် မိန်းကလေးတစ်ဦးနေထိုင်**

Joanne Bergamin သည် ဗာတီကန် (Swiss Guards) စစ်တန်းလျားတွင် ပထမဦးဆုံး ကွပ်ကဲအုပ်ချုပ်သော သက်တော်စောင့်မိန်းကလေးတစ်ဦး ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင်ဗာတီကန်၏ သက်တော်စောင့်တစ်ဦးဖြစ်သောDominic Bergaminဆိုသူနှင့်လက်ထပ်ခဲ့သည်။Dominic Bergamin သည် လူသိများInstagran အကောင့်ကိုသုံးပြီး မိမိဇနီး၏ထူးခြားထင်ရှားသည့် ကြန်အင်လက္ခဏာများကိုထုတ်ဖော်လေ့ရှိသည်ဟုသိရသည်။ ပုံမှန်အားဖြင့် သက်တော်စောင့်များသည် အိမ်ထောင်မပြုရဟုသတ်မှတ်ထားသည်။ချွင်းချက်အားဖြင့်သူတို့နှစ်ဦးသည်ဗာတီကန်၏ ပထမဆုံးသက်တော်စောင့်စုံတွဲဖြစ်လာခဲ့သည်။

**၂။ သက်တော်စောင့်ဟင်းချက်နည်းစာအုပ်**

သက်တော်စောင့်ဟင်းချက်နည်းစာအုပ်ကို "ဗာတီကန်ဟင်းချက်နည်းစာအုပ်" ဟုလည်းခေါ်သည်။၎င်းစာအုပ်ကို တင်ဆက်ရေးသားထားသူမှာ ငယ်ရွယ်နုပျိုသော သက်တော်စောင့်(စားဖိုမှူး) David Geisser ဖြစ်သည်။

**၃။သက်တော်စောင့်များရဟန်းဖြစ်လာလေ့ရှိ**

ပုပ်ရဟန်းမင်းကြီး၏ ကိုယ်တော်မြတ်ဖူးမြော်ခြင်းနှင့်အန်ဂျေလူးမေတ္တာဆိုခြင်းကို ပုံမှန်ကြားနာနေရသော သက်တော်စောင့်တို့သည် မိမိမှာလည်း ခေါ်တော်မူခြင်းရှိပါလားဟု ဆန်းစစ်လာပြီး ရဟန်းဖြစ်ချင်လိုသောဆန္ဒတဖွားဖွားဖြစ်ပေါ်လာကာ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် တစ်ယောက် (သို့) နှစ်ယောက်ရဟန်းဖြစ်လေ့ရှိကြောင်းသိရသည်။

**၄။ အသက်ပေးရန်ဝန်မလေးသော သက်တော်စောင့်များ**

သက်တော်စောင့်များသည် လွန်ခဲ့သော ၁၅၂၇ခုနှစ်တွင် ရောမအင်ပါရာပဋ္ဌမမြောက် Charles ကို အသက်နှင့်ရင်းပြီးကာကွယ်စဉ် Sack of Rome တို့၏ လက်ချက်ကြောင့် ကုန်လုနီးပါးသေဆုံးခဲ့ရသည်။ သူတို့သည် သက်တော်စောင့်ပညာရပ်များကိုကောင်းစွာတတ်ကျွမ်းသူများဖြစ်ပြီး ပုပ်ရဟန်းမင်းကြီးအတွက်လိုအပ်လျှင် အသက်ကိုပေးမည်ဟုရုံးတော်အား ကျိန်စာဆိုသူများဖြစ်ကြသည်။

**၅။ သက်တော်စောင့်၏ လက်ဆောင်မေတ္တာပစ္စည်းအရောင်းဆိုင်**

ဗာတီကန် Pota Sannt’ Anna အနီးရှိ လက်ဆောင်မေတ္တာပစ္စည်း အရောင်းဆိုင်သည်သက်တော်စောင့်များ အတွက်သာ ရည်ရွယ်ပြီးဖွင့်ထားသော ဆိုင်တစ်ဆိုင်ဖြစ်သည်။၎င်းဆိုင်မှရောင်းသော**နက်ကတိုင်လ်**လည်စည်းများသည် အလွန်အရည်အသွေးကောင်းမွန်သည်ဟုသိရသည်။

**၆။ သက်တော်စောင့်များအတွက် အားလပ်ရက်များ**

သက်တော်စောင့်များသည် ငယ်ရွယ်ပြီးရဲရင့်စွန့်စားသောသူများ ဖြစ်ကြသည်။ အားလပ်ရက်များတွင် သူတို့ကို ရောမတစ်ခွင်တွင်သူငယ်ချင်းများနှင့် ပျော်ပါးနေသည်ကို တွေ့နိုင်သည်။ CBCM-OSC





# နေပိုဆီယာမှလျှော်ဒေးဒဏ်သင့်ဒုက္ခသည်များအတွက်ပုပ်ဖရန်စစ်ဆုတောင်းပေးခြင်း

ဗာတီကန်။၃၀၊၁၀၊၂၀၁၆



အီတလီနိုင်ငံ နော်ဆီယာမြို့အနီးတွင်၊တနင်္ဂနွေနေ့က မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ခြင်းကြောင့် ဒုက္ခသည်များအတွက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က ဆုတောင်းပေးခဲ့ပါသည်။ ပြင်းထန်လှသည့် မြေငလျင်မှာ ရောမမြို့ နှင့် ဗဲနစ်မြို့ တို့ မှ အလှမ်းကွာဝေးပါကြောင်း၊ အီတလီဗဟိုရှိသူများနှင့်အတူ ကျွန်ုပ်နီးကပ်စွာရှိနေပါတယ် ဒီလိုပြင်းထန်တဲ့ငလျင်ကြောင့် ဒုက္ခခံစားရ၊ အနာတရဖြစ်ရတဲ့ မိသားစုများအတွက်နှင့် ကူညီကယ်ဆယ်ပေးနေသူများ အားလုံးအတွက်ကျွန်ုပ်ဆုတောင်းမေတ္တာပို့သပေးနေပါတယ်။ ရှင်ပြန်ထမြောက်တော်မူသော အရှင်သခင်သည် ၎င်းတို့အားခွန်အားပေးတော်မူပါစေ။ မက်ဒေါနားသည်လည်း ကြည့်ရှုစောင့်ရှောက်တော်မူပါစေ ဟုအရှင်သူမြတ်က မေတ္တာပို့သ စကားဆိုပါသည်။ ဗဟိုအီတလီတွင် လှုပ်ခတ်ခဲ့သော မြေငလျင်များထဲတွင် တနင်္ဂနွေနေ့ကလှုပ်ခတ်ခဲ့သော ငလျင်သည် အကြီးမားဆုံးရိုက်ချက်ဖြစ်ကြောင်း သြဂုတ်လ က ရိုက်ခတ်ခဲ့သော ၆.၂ ပမာဏ ပြင်းအားရှိ ငလျင်တွင် လူ ၃၀၀ ခန့် သေဆုံးခဲ့ပြီး၊ ပုပ်ဖရန်စစ်သည် ယခုလ အစောပိုင်းက ၎င်းဒုက္ခသည်များထံ ကိုယ်တိုင်ကိုယ်ကျ သွားရောက် ကြည့်ရှု နှစ်သိမ့်ပေးခဲ့ပါသည်။

တနင်္ဂနွေနေ့က နော်ဆီယာတွင် ရိုက်ခတ်ခဲ့သော ငလျင်သည် ပိုမိုပြင်းထန်ပြီး ၆.၅ ပမာဏပြင်းအားရှိကာ၊ ရာစုနှစ်အတွင်းအီတလီတွင် အပြင်းထန်ဆုံးငလျင်ဖြစ်ကြောင်း သို့သော် ဒဏ်ရာရသူများရှိလင့်ကစား၊ သေဆုံးသူမရှိသေးကြောင်း၊ စိန့်ဘနဒစ် နှင့် စိန့်စကော်လာစတစ်ကာ ရဟန္တာမောင်နှမတို့၏ မွေးရပ်ဇာတိမြေပေါ်တွင်ဆောက်လုပ်ထားရှိသော စိန့်ဘနဒစ် ဘာဆီးလီးကား ကျောင်းတော်ကြီးနှင့်အတူ နော်ဆီယာကာသီဒြယ်ကျောင်းတော်ကြီးနှစ်ခုစလုံးတို့မှာ အထက်ပါ ငလျင်ဒဏ်ကြောင့် လုံးဝပျက်ဆီးသွားခဲ့ရသည်ဆိုခြင်းကိုဗာတီကန်ရေဒီယိုသတင်းမှသိရသည်။RVA

# အသင်းတော်သည်ကြောက်ရွံ့ပြီးကျုံ့ရုံးရန်မသင့် လှုပ်ရှားအသက်ရှင်ရန်ဖြစ်သည်

ဗာတီကန်၊ ၂၁၊၁၀၊၂၀၁၆

လွန်ခဲ့သော အောက်တိုဘာ(၂၁) ရက်နေ့ ဗာတီကန်တွင် အပြည်ပြည်ဆိုင်ရာခေါ်တော်မူခြင်းနှင့်ဆိုင်သော နီးနှောဖလှယ်ပွဲတစ်ရပ်ကိုကျင်းပပြုလုပ်ခဲ့ကြောင်း ၎င်းနီးနှောဖလှယ်ပွဲသို့ တက်ရောက်သော ပုဂ္ဂိုလ်များအား "ယုံကြည်ခြင်းဆိုတာလျှော့ချလို့မရဘူး၊ မင်းရဲ့ယုံကြည်ခြင်းကိုလျှော့ချပေးပါဆိုပြီး စည်းမျဉ်းစည်းကမ်းထုတ်လို့လည်းမရဘူး။ ဒါပေမဲ့ လူတွေ ဧဝံဂေလိ၏ ဝမ်းမြောက်ခြင်းသတင်းကို ထိတွေ့ခံစားရဖို့ စိတ်အားထက်သန်စွာဖြင့် မိမိ၏ဘဝနှင့် သက်သေခံရမယ်"ဟု ပုပ်ရဟန်းမင်းကြီး မိန့်ကြားခဲ့ကြောင်းသိရသည်။ ထို့အပြင် ရောမတွင်ရှိသော ကာဒီနယ်များ၊ ဆရာတော်များ၊ သစ္စာသုံးပါးခံ ရဟန်း/သီလရှင်များအတွက်ပြုလုပ်သော နီးနှောဖလှယ်ပွဲ၏ ခေါင်းစဉ်မှာ "Miserado atque eligendo" ဖြစ်သည်။ ၎င်းစကားစုသည် သခင်ယေဖူးရှင်က မာတေဦးကို ခေါ်ယူစဉ်သုံးခဲ့သော လာတင်းစကားစု တစ်စုဖြစ်ပြီး ခေါ်ခြင်းနှင့် သနားကရုဏာရှိခြင်းဟု အဓိပ္ပါယ်ရသည်။ ဆရာတော်ဖြစ်စဉ်က ၎င်းစကားစုကိုနှစ်သက်၍ မိမိ၏ဆရာတော်ဆောင်ပုဒ်အဖြစ်ထားရှိကြောင်းနှင့် မိမိငယ်ရွယ်စဉ်က ခရစ်တော်၏ခေါ်သံကိုရှင်းပြတ်သားစွာကြားရ၍လွတ်လပ်ပေါ့ပါးစွာနောက်လိုက်ခဲ့သည့် အကြောင်းကို ပြောကြားခဲ့သည်။ခေါ်တော်မူခြင်းဆိုတာ သိုးထိန်းလုပ်ငန်းနှင့်စပ်ဆိုင်သည့် အရာများကို တွက်ချက်ရုံနှင့်မပြီးကြောင်း၊ သခင်ယေဖူးဘယ်လိုပြောဆိုနေထိုင်ပြီး ပတ်ဝန်းကျင်ကိုဘယ်လိုမေတ္တာပေးဝေ၊ ဘယ်လိုချစ်ခင်နေထိုင်ခဲ့သည်ကိုအတုယူလိုက်ကျင့်ရန်ဖြစ်ကြောင်း၊

➢ **လှုပ်ရှားသောအသင်းတော်၊** သခင်ယေဖူး၏ ဘဝတစ်ခုလုံးကိုခြုံပြီးကြည့်လျှင် ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်း စကားလုံးသုံးလုံးဖြင့်ချုံးလို့ရကြောင်း၊ ဆိုလိုသည်မှာသူသည် လူများထံသို့သွားပြီး ဧဝံဂေလိ သတင်းကောင်းကို တတ်အားသမျှ သက်သေခံခဲ့ကြောင်း၊ ထိုနည်းတူ အသင်းတော်သည်လည်းကြောက်ရွံ့ပြီး ရှုံးနိမ့်မည့်အစား မိုးကုတ်စက်ဝိုင်းများ၏ အပြင်ဘက်ကိုကျော်လွန်ပြီးသွားသင့်ကြောင်း၊ရဲရင့်ခြင်း၊ တီထွင်ကြံဆခြင်း၊ သာသနာပြုနည်းပုံစံနှင့် နည်းလမ်းများပြောင်းခြင်းမရှိခဲ့ပါလျှင် အောင်မြင်မှု အသီးအပွင့်မရနိုင်ကြောင်း၊




➢ **သခင်ယေဖူးအလိုတော်အတိုင်း သိမြင်နားလည်ခြင်း၏အမြင်ဖြင့် မြင်ရန်** အသင်းတော်ခေါင်းဆောင်များသည် သခင်ယေဖူးဘက်သို့လိုက်ခြင်းနှင့် ပတ်သက်ပြီး ဘယ်လိုဖီဆန်ခဲ့ကြောင်း၊ဘဝတွင်ဘုရား၏ ချစ်ခြင်းမေတ္တာကိုလူများခံစားတတ်လာရန် ဘယ်လိုဖန်တီးပေးခဲ့သည်ကို အတုယူသင့်သည်။ ကမ္ဘာကြီးနှင့်အသင်းတော်သည်ရင့်ကျက်ပြီး ဘက်မလိုက်သော ရဟန်း၊ လူများကို ကောင်းစွာနားလည်နိုင်စွမ်းရှိသော ရဟန်း၊ လူများနှင့် တသားတည်းနေထိုင်သော ရဟန်းကိုလိုအပ်ကြောင်း၊

➢ **ခေါ်ခြင်းနှင့်မေးမြန်းခြင်း** အသင်းတော်ခေါင်းဆောင်များသည် သခင်ယေဖူး မိမိနောက်လိုက်ရန် မှန်ကန် ကောင်းမွန်သောမေးခွန်းဖြင့်ရိုးရှင်းစွာလူများကို ခေါ်ယူခဲ့ပုံကိုအတုယူသင့်ကြောင်း ပုပ်ရဟန်းမင်းကြီး မြွက်ကြားခဲ့ကြောင်းကို ဗာတီကန်သတင်းမှသိရှိရပါသည်။ **CBCM-OSC**

# ဆွီဒင်ဘုရင် Karl (XVI ) Gustav နှင့် ဘုရင်မ Silvia တို့ကို ပုပ်ရဟန်းမင်းကြီးတွေ့ဆုံ

ဗာတီကန်။ ၃၁၊၁၀၊၂၀၁၆

အောက်တိုဘာလ (၃၁) ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီးသည် ဆွီဒင်ဘုရင် Karl (XVI ) Gustav နှင့် ဘုရင်မ Silvia ၊ Lund ဘုရင်Carl XVI Gustaf တို့ကို တွေ့ဆုံစကားပြောခဲ့သည်။ ပုပ်ရဟန်းမင်းကြီးသည် ထိုတော်ဝင်မိသားစုနှင့် တွေ့ဆုံခြင်းကို ဆွီဒင်နိုင်ငံနှင့် Laud နိုင်ငံသို့ မာတင်လူသား၏ နောက်လိုက်များဖြစ်သော လူတာယာန်(စ်) အသင်းတော်၏ နှစ်(၅၀၀)ပြည့် နှစ်ပတ်လည်နေ့အတွက် ပါဝင်အားဖြည့်ရန် သွားရောက်ခဲ့ရာ တနင်္လာနေ့အစောပိုင်းတွင်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ဆွီဒင်ဘုရင် Karl (XVI ) Gustav နှင့် ဘုရင်မ Silvia တို့က ပုပ်ရဟန်းမင်းကြီးအား ဘုရင်နန်းတော်၌ လက်ခံတွေ့ဆုံခဲ့သည်။ Lund ရှိ လူတာယာန်(စ်) အသင်းတော်၏ ကာသီဒြယ်တော်ကြီးတွင် ဘာသာရေးဆိုင်ရာ တွေ့ဆုံနီးနှောမှု မပြုလုပ်မီတွင်ဖြစ်သည်။ ဘုရင်နှင့် ဘုရင်မတို့သည်လည်း ထိုတွေ့ဆုံနီးနှောပွဲသို့ တက်ရောက်ခဲ့သည်။ ထိုတွေ့ဆုံနီးနှောခြင်းကို ကက်သလစ်အသင်းတော်မှ ပုပ်ရဟန်းမင်းကြီးသည်လည်းကောင်း၊ ဂျေရုဇလင်မှ လူတာယာန်(စ်) အသင်းတော်၏ ဆရာတော်ကြီးနှင့် လူတာယာန်(စ်) အကြီးအကဲ Munib Younan l Rev. Martin Junge l LWF ၏အတွင်းရေးမှူးတို့က ဦးဆောင်သွားခဲ့ကြောင်းဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။ **(CBCM-OSC)**



# ကျွန်ုပ်တို့အသက်တာ၏ထောင့်ချုပ်ကျောက်သည်ခရစ်တော်ဖြစ်သည်

ဗာတီကန်။ ၂၈၊၁၀၊၂၀၁၆

ကျွန်ုပ်တို့ အသက်တာ၏ ထောင့်ချုပ်ကျောက်သည် ခရစ်တော်ဖြစ်၏ဟု ပုပ်ရဟန်းမင်းကြီးက အောက်တိုဘာလ ၂၈ ရက်၊ ဆန်တာမာတာဘုရားကျောင်းတွင်ပြုလုပ်သော မစ္ဆားတရားတော်တွင် ပါဝင်တက်ရောက်သော ဘုရားဖူးဘာသာတူများအား မြွက်ကြားပေးခဲ့ပါသည်။ "သခင်ခရစ်တော်သည် ကျွန်ုပ်တို့တစ်ဦးစီ၏ ဘဝထောင့်ချုပ်ကျောက် ဖြစ်သကဲ့သို့ ကျွန်ုပ်တို့အတွက်လည်း အမြဲဆုတောင်း ပေးသူဖြစ်သည်ဟူ၍လည်းမိန့်ကြားခဲ့သည်။ မိမိ၏ တရားတော်တွင် ခရစ်တော်သခင်ကိုယ်တိုင် မည်သို့မည်ပုံ ဆုတောင်းမေတ္တာပြုကြောင်း ကျမ်းစာတော်မြတ်၌လာသည့် ပုံ ဥပမာများ နှင့်တကွ ရှင်းလင်း သွန်သင်ပြကာ ခရစ်ယာန်၏ ဘဝအသက်တာတွင် ဆုတောင်းခြင်းသည် မည်မျှအရေးပါ လိုအပ်ကြောင်း ပြောကြားသွားခဲ့သည်။ အသင်းတော်သည် ခရစ်တော်ကြောင့်သာဖြစ်တည် လာခြင်းကြောင်း ခရစ်တော်မပါလျှင်အသင်းတော်သည်မည်သို့မျှမရပ်တည်နိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့အတွက် ဆုတောင်းပေးသော ခရစ်တော်သာ ကျွန်ုပ်တို့ဘဝ၏ အရင်းအမြစ်ဖြစ်ကြောင်းကိုလည်း ပြောသွားခဲ့သည်။ ဆက်လက်ပြီး ပုပ်ရဟန်းမင်းကြီးက သခင်ခရစ်တော်၏ တပည့်တော်ကြီးများကို မရွေးချယ်မီ ဆုတောင်းမေတ္တာပြုခြင်းသည် အသင်းတော်ကြီးအတွက် ဆုတောင်းခြင်းဖြစ်ကြောင်းနှင့် ခမည်းတော်ဘုရားထံ၌ ကျွန်ုပ်တို့ အတွက်ကြားဝင်ဆုတောင်းပေးသူဖြစ်ကြောင်းကိုလည်း ရှင်းပြကာ ကျွန်ုပ်တို့သည် ခရစ်တော်ထံ ဆုတောင်းရမည်၊ အကြောင်းမှာ သူသည် ကျွန်ုပ်တို့အတွက် ဦးစွာဆုတောင်းပေးသူ ဖြစ်သည်။ ခရစ်တော်သည် ယနေ့တိုင်အောင် အသင်းတော်ကြီးအတွက်၊ ကျွန်ုပ်အတွက်နှင့် သင်တို့အားလုံးအတွက် ဆုတောင်းပေးနေဦးမည်ဖြစ်ကြောင်းကို ကျွန်ုပ် ယုံကြည် ပါသည်။ ထိုသို့ပင် ခံစားရသည်" ဟု ပုပ်ရဟန်းမင်းကြီးက မိန့်ကြားသွားခဲ့သည်။ ယနေ့ကျွန်ုပ်တို့သည် သခင်ခရစ် တော်အကြောင်း၊ အသင်းတော်အကြောင်း ပြန်လည် သုံးသပ်ဆင်ခြင်ရာတွင်ကျွန်ုပ်တို့ အားလုံး သည်လည်းအသင်းတော်၏အစိတ် အပိုင်းအသီးသီးဖြစ်ကြသည် အခြေခံအုတ် မြစ်မှာခရစ်တော်ပင်ဖြစ်သည်ကို သတိမူဆင်ခြင်ရန်လိုအပ်ပါသည်ဟူ၍မိမိ၏ဩဝါဒ ကိုအဆုံးသတ်ခဲ့ကြောင်း ဗာတီကန်ရေဒီယို မှ သတင်းရရှိပါသည်။ (CBCM-OSC)

# ရဟန္တာအပေါင်းပွဲနေ့ ပုပ်ရဟန်းမင်းကြီး၏ တရားဒေသနာ

Multimedia။ ၁၊၁၁၊၂၀၁၆

နိုဝင်ဘာလ(၁)ရက် ရဟန္တာ အပေါင်းပွဲနေ့တွင်ပုပ်ရဟန်းမင်းကြီးက မစ္ဆားတ ရားကို ဦးဆောင်ကျင်းပခဲ့သည်။ မစ္ဆားတရားတော် မြတ်အတွင်းမိမိ၏ ဩဝါဒ၌ မိန့်ကြားပေးသွား သော အကြောင်းအရာများမှာ ယနေ့ကျွန်ုပ်တို့သည် အသင်းတော်ကြီးတစ်ခုလုံးနှင့်အတူရဟန္တာ အပေါင်းပွဲနေ့ကို စည်ကားသိုက်မြိုက်စွာကျင်းပကြပါသည်။ ထိုကဲ့သို့ ပြုလုပ်ကျင်းပရခြင်းမှာ ကျွန်ုပ်တို့သည် အသိအမှတ်ပြုခံရသော သူတော်သူမြတ်များကိုသာမဟုတ်ဘဲ မိမိတို့၏ ခရစ်ယာန်အသက်တာအတိုင်းယုံကြည်ခြင်း၊ ချစ်ခြင်းပါရမီများကို ပြည့်စုံစွာဖြည့်စွက်လျှက် သေလွန်ကုန်ကြသောသန့်ရှင်းသော ဝိညာဉ်များအားလုံးကို ရည်ရွယ်ကာ ထိုသူတို့အားလုံးအတွက် ကျင်းပပေးခြင်းဖြစ်ပါသည်။ ထိုသူတို့အထဲတွင် သေလွန်သွားခဲ့ကြသောကျွန်ုပ်တို့၏ မိဘဆွေမျိုးမိတ်ဆွေများနှင့် ကျွန်ုပ်တို့ မေ့လျော့နေသောသူများပင် လျှင်ပါဝင်ကောင်းပါဝင်နေပါလိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်များဆိုရာတွင်လည်း စင်ကြယ်ခြင်းပါရမီနှင့်ပတ်သက်၍ ပုပ်ရဟန်းမင်းကြီးကစင်ကြယ်ခြင်းဆိုသည်မှာ ကြီးကျယ်ခမ်းနားသော လုပ်ဆောင်မှုဖြစ်ကာ လုပ်ဆောင်ရန် ခက်ခဲသော အရာတစ်ခုလည်းမဟုတ်ပေ၊ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာထဲတွင် ဆေးကြောခြင်းခံယူခဲ့စဉ်က ပြုခဲ့သောကတိများအပေါ် သစ္စာရှိရှိဖြည့်စွက်ရန်ပင်ဖြစ်သည်။ မိမိအတ္တကို ငြင်းပယ်လျှက်ဘုရားသခင်နှင့်နီးစပ်သူများကို ကိုယ်နှင့်အမျှချစ်ရန် စင်ကြယ်ခြင်းတရားကတောင်းဆိုပါသည်။ယနေ့ ကျွန်ုပ်တို့က ပွဲကျင်းပပေးသော ရဟန္တာများတို့သည် မိမိတို့၏အသက်တာအတွက် စစ်မှန်သော၊ ကြီးမားသောနက်ရှိုင်းသော ပျော်ရွှင်မှုကိုဘုရားသခင်အားချစ်ခြင်းနှင့် နီးစပ်သူများအားချစ်ခြင်းတို့၌ရှာဖွေတွေ့ရှိခဲ့သူများဖြစ်သည်။

စစ်မှန်သော ပျော်ရွှင်ခြင်း၏ အရင်းအမြစ်ကိုခရစ်တော်သခင်ထံမှ ရှာဖွေတွေ့ရှိခဲ့ကြသူများဖြစ်သည်။ထိုအရာသည်သူတို့၏ အသက်တာထဲတွင်နက်ရှိုင်းစွာ စိမ့်ဝင်နေခဲ့ပြီး ထိုအရာသည် ဘုရားသခင်အားချစ်ခြင်း၌ မြစ်ဖျားခံခဲ့သည်။ ထိုကြောင့်ပင်လျှင် ထိုသူတို့ကိုသူတော်သူမြတ်များဟုခေါ်ဆိုသမုတ်ခဲ့ကြခြင်းဖြစ်သည်။ တောင်ပေါ်ဒေသနာတည်းဟူသော ခရစ်တော်ဟောကြားခဲ့သော မင်္ဂလာတရား(၈)ပါးတို့သည် သူတို့၏ လမ်းခရီးနှင့် ပန်းတိုင်ပင်ဖြစ်လေသည်။ အမှန်စင်စစ်မှာမူ ခရစ်တော်ဟောကြားခဲ့သည့် မင်္ဂလာတရား(၈)ပါးတို့သည် ကျွန်ုပ်တို့လိုက်ကျင့်ရမည့်အရာများဖြစ်သည်။ ခရစ်တော်ကိုယ်တော်တိုင် သွန်သင်ကျင့်ကြံ နေထိုင်ပြသသွားပေးခဲ့သောအရာများလည်းဖြစ်သည်။ မင်္ဂလာတရားများသည် ခရစ်တော်နှင့်ခရစ်ယာန်တစ်ဦးစီတို့၏ ပုံရိပ်များပင်ဖြစ်သည်။ နူးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိ၏ဟူသော ကျမ်းစကားကိုမှီ၍ကျွန်ုပ်ဆိုရမည်ဆိုလျှင် ခရစ်တော်သခင်ကိုယ်တိုင်က ငါသည် သိမ်မွေ့ နှိမ့်ချသောစိတ်နှလုံးရှိ၏ ငါထံမှသင်ယူကြလော့ဟူ၍ မိန့်ကြားခဲ့ပါသည်။ ဤသည်ကား ခရစ်တော်သခင်၏ လှပသောနှလုံးသားနှင့်ကြွယ်ဝသောချစ်ခြင်းတို့ကို ပေါ်လွင်ထင်ရှားစေခဲ့ပါသည်။ နူးညံ့သိမ်မွေ့ခြင်းသည် ကျွန်ုပ်တို့ကိုဘုရားနှင့် လည်းကောင်း၊ နီးစပ်သူများနှင့်လည်းကောင်း ပိုမိုနီးကပ်စေနိုင်ပါသည်။ ၎င်းအပြင် ကျွန်ုပ်တို့၏မတူညီကွဲပြားနေခြင်းများ၊ သူစိမ်းသူရန်ဆန်ခြင်းများကိုဆန့်ကျင်ကာ ပိုမိုနွေးထွေးသောပိုမိုစည်းလုံးသောအသက်တာကိုရရှိစေပါသည်။ လတ်တလောတင်မြှောက်ခဲ့သော ရဟန္တာ Elizabeth Hessell အပါအဝင်ရဟန္တာ Birdget နှင့် Birgittaတို့သည်လည်းမိမိတို့၏ကြားဝင်တောင်းလျှောက်ပေးခြင်းများအားဖြင့် ဥရောပကိုစောင်မသောရဟန္တာများ ဖြစ်ကြသည်။ နောက်ထပ်ထင်ရှားသောအဖြစ်အပျက်တစ်ခုမှာကွဲပြားခြားနားခြင်းများစွာနှင့် ဘာသာရေးအသီးသီးမှလူတို့သည်ထိုနေရာတွင်စုဝေးလျှက်ဥရောပပြန်လည်ထူထောင်ရေး နှစ် (၅၀)ပြည့်နှစ်ပတ်လည်နေ့ကိုအတူအကွ ကျင်းပနေကြခြင်းပင်ဖြစ်သည်။ ထိုပြည်ကို မှိုင်းမသောရဟန္တာတို့သည် နူးညံ့သိမ်မွေ့သော နှလုံးသားတို့ဖြစ် ထိုအရာများကို သယ်ဆောင်လာခဲ့သောကြောင့် ဖြစ်သည်။ နူးညံ့သိမ်မွေ့ခြင်းကသာလျှင် ကျွန်ုပ်တို့အားဘုရားသခင်၏ ကြီးမြတ်ခြင်းကိုတွေ့မြင်ကာ နှိမ့်ချသောနှလုံးသားဖြင့် ချီးမွမ်းဝတ်ပြုနိုင်မည်ဖြစ်သည်။ အကြောင်းမှာ နူးညံ့သိမ်မွေ့သောသူတို့သည် မည်သည့်အရာမျှ ဆုံးရှုံးရခြင်းမရှိသည့်အပြင်ခရစ်တော်သခင်ကိုပင် ပိုင်ဆိုင်ရသောကြောင့်ဖြစ်သည်။ မင်္ဂလာတရားများသည် ခရစ်ယာန်တို့၏ နိုင်ငံသား စီစစ်ရေးကဒ်ဟုလည်း ဆိုနိုင်ပါသည်။ ခရစ်တော်နောက်လိုက်တစ်ဦး၏အမှတ်အသားဖြစ်သည်။ ကောင်းကြီးပေးခြင်းခံရရန်၊ ခရစ်တော်၏နောက်တော်ကိုလိုက်လျှက် ယနေ့ကမ္ဘာ၏ပြဿနာနှင့် စိုးရိမ်ပူပန်ခြင်းများကို ခရစ်တော်သခင်၏ချစ်ခြင်းနှင့် စိတ်နေစိတ်ထားအတိုင်း နှစ်သိမ့်ကူညီပေးရန်ခေါ်ခြင်းခံရပါသည်။ ထိုကြောင့်တက်ကြွသောနှလုံးသားဖြင့် ထိုအခြေအနေ သစ်ကိုသတိမူတုံ့ပြန်ကြရပါမည်။ နှောင့်ယှက်ခြင်းခံရသော အချိန်တွင်လည်း အဆုံးတိုင်သစ္စာရှိသော သူသည် မင်္ဂလာရှိ၏။ ဆင်းရဲသားများတို့အား ကိုယ်ချင်းစာနာကူညီပေးတတ်သောသူ၊ နီးစပ်သူများအား စိတ်နှလုံးထဲမှ ခွင့်လွှတ်တတ်သူ၊ ကမ္ဘာကြီးအား ထိန်းသိမ်း စောင့်ရှောက်သောသူ၊ ငြိမ်းချမ်းခြင်းနှင့် စည်းလုံးညီညွတ်ရေးအတွက် လုပ်ဆောင်ဆုတောင်းပေးကြသောသူ၊ မိမိအကျိုးကိုမငဲ့ကွက်ဘဲနီးစပ်သူ၊ လိုအပ်သူများအတွက်လုပ်ဆောင်ကူညီပေးသောသူတို့သည် မင်္ဂလာရှိကြ၏။ထိုသူတို့သည် ဘုရားသခင်၏ နူးညံ့သိမ်မွေ့ခြင်းသံတမန်များဖြစ်ကြပြီး ကောင်းကင်ဆုလာဘ်ကိုဧကန်ရရှိကြမည်ဟု ကျွန်ုပ်ယုံကြည်ပါသည် ဟုမိန့်ကြားခဲ့သည်။ ချစ်လှစွာသောညီအစ်ကိုမောင်နှမပေါင်းတို့ ကျွန်ုပ်တို့အားလုံးသည် သန့်ရှင်းခြင်းသို့ရောက်ရန်ခေါ်ခြင်းခံကြရပါသည်။ ရဟန္တာများတို့သည် မိမိတို့၏အသက်တာများအားဖြင့် မည်သို့ အသက်ရှင်နေထိုင်ရမည်ဖြစ်ကြောင်းနိုးဆော်ပြသသွားပေးခဲ့သည်။ ကျွန်ုပ်တို့အားလုံးသည် ရဟန္တာများဖြစ်ရန်ခေါ်တော်မူခြင်း ခံခဲ့ကြရသည် ထိုသို့ဖြစ်လာရန်လည်းသူတော်သူမြတ်များက ကျွန်ုပ်တို့အတွက်ဆုတောင်းပေးနေခဲ့ကြပါသည်။ ထိုကြောင့်တစ်ဦးနှင့်တစ်ဦး ဆက်လက်ကူညီပေးခြင်းဖြင့်တို့အားလုံးသည် ရဟန္တာများဖြစ်လာရန် ကြိုးစားအားထုတ်ကြပါစို့။ဘုရားသခင်၏ခေါ်သံကိုကြားရလျှက်လက်တွေ့တုန့်ပြန်ကာ ဖြည့်စွက်နိုင်ရန်လုံလောက်သောကျေးဇူးတော်များကိုပေးသနားတော်မူပါမည့်အကြောင်း တောင်းလျှောက်သွားကြပါစို့။ကျွန်ုပ်တို့၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များအထူးသဖြင့် ခရစ်ယာန်ဂိုဏ်းပေါင်းစုံတွေ့ဆုံဆွေးနွေးခြင်းနှင့် စည်းလုံးခြင်း၌ နူးညံ့သိမ်မွေ့ခြင်းကို မွေးမြူနိုင်ရန်လိုအပ်သောကျေးဇူးများကိုပေးသနားပါမည့်အကြောင်းဆုတောင်းသွားကြပါစို့ဟု မိန့်ကြားကာမိမိ၏ဩဝါဒကို နိဂုံးချုပ်ခဲ့ပါကြောင်းMultimediaသတင်းအရသိရှိရသည်။

# သေလွန်သောဝိညာဉ်များအတွက်ဆုတောင်းအပ်သောနေ့တွင်သင်္ချိုင်း၌ပုပ်ဖရန်စစ်မစ္ဆားတရားပူဇော်ဆုတောင်း

ဗာတီကန်။ ၂၊၁၁၊၂၀၁၆

နိုဝင်ဘာလ ၂ ရက်နေ့သည် သေလွန်သောဝိညာဉ်များအတွက် ဆုတောင်းပေးရသောနေ့ဖြစ်သည့် အားလျော်စွာ ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်သည် ရောမမြို့ တော် ပရီမာပေါတာသင်္ချိုင်းသို့ ကြွရောက်ကာ သေလွန်သောဝိညာဉ်များအားလုံးတို့အတွက် အထူးသတိယ မစ္ဆားတရားပူဇော်ပေးခဲ့ပါသည်။ သင်္ချိုင်းသို့ရောက်ရှိသည်နှင့်တပြိုင်နက် အရှင်သူမြတ်သည် အာဇာနည်ဗိမာန်တော်သို့ သွားရောက်ပြီး၊ ဂူများစွာအပေါ်တွင် ပန်းများချကာ တိတ်ဆိတ်စွာဖြင့်ဆုတောင်းပေးခဲ့ပါသည်။ ထိုနေ့က မစ္ဆားတရားတော်ကို ထောင်ပေါင်းများစွာသော ဘာသာသူများတို့က အရှင်သူမြတ်နှင့်အတူ ပူဇော်ဆုတောင်း ပေးခဲ့ ကြကြောင်းအရှင်သူမြတ်က၎င်း၏ ဩဝါဒတွင်မြွက်ကြားသည်မှာ၊ သေလွန်သူများကို အောက်မေ့သတိယ ဆုတောင်းပေးတဲ့ အခမ်းအနားတွေဟာ ဂမ်းနည်းမှုနဲ့ မျှော်လင့်ခြင်း စတဲ့ ခံစားချက်နှစ်ခုစလုံးကို ဖြစ်ပေါ်စေပါတယ်။ သင်္ချိုင်းဆိုတာ ကျွန်ုပ်တို့ရဲ့ အနာဂါတ်သေခြင်းကို ဖော်ပြတဲ့နေရာ၊ ကျွန်ုပ်တို့ချစ်သူခင်သူတွေ သေဆုံးလဲလျောင်းရာ နေရာဖြစ်တာမို ဝမ်းနည်းစရာနေရာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဝမ်းနည်းခြင်းထဲမှာ မျှော်လင့်ခြင်းရဲ့ အမှတ်သင်္ကေတအဖြစ် ပန်းများကို ယူဆောင်လာကြတယ်။ ဒါကြောင့်ဒါဟာ ပွဲတော်တစ်ခုပါပဲ အခုတော့မဟုတ်ပေမဲ့အနာဂတ်အတွက်ပွဲတော် ဖြစ်ပါတယ်ဟု ဆိုကာအရှင်သူ မြတ်က ဆက်လက်မြွက်ကြားခဲ့သည်မှာ ဒီဘဝကနေ နောက်ဘဝဆိုတဲ့ ဒီလမ်းခရီးအတိုင်း ကျွန်ုပ်တို့ တွေလည်းသွားကြရမှာဖြစ်တာမို့ ဒီ မျှော်လင့်ခြင်းက ကျွန်ုပ်တို့ ကို ခွန်အားဖြစ်စေပြီး အကူအညီဖြစ်စေပါတယ်။ ရှင်ပြန်ထမြောက်ခြင်းမှာ မျှော်လင့်ချက်ထားခြင်းဟာ စိတ်ပျက်စရာမဖြစ်စေပါဘူး။ အမှန်တော့ သခင်ခရစ်တော်ကိုယ်တော်တိုင် ဒီလမ်းခရီးကို လျှောက်ခဲ့သူပါ။ ကျွန်ုပ်တို့ က သူလျှောက်ခဲ့တဲ့ လမ်းခရီးကို ဆက်လျှောက်ကြသူများဖြစ်ပါတယ်။ ၎င်းရဲ့ ခရူစူးတံကျင်အားဖြင့် သခင်ခရစ်တော်ဟာ ကျွန်ုပ်တို့အတွက် ဘုရားရှင်ကို မျက်ဝါးထင်ထင်ဖူးတွေ့ နိုင်မယ့် ကယ်တင်ခြင်းတံခါးတော်ကို ဖွင့်ပေးခဲ့ခြင်းဖြစ်ပါတယ်ဟု အရှင်သူမြတ်ပုပ်ဖရန်စစ်က တရားပေးမြွက်ကြားခဲ့ပါသည်။ အရှင်သူမြတ်မစ္ဆားတရားဟောကြားသည့် ပရီမာပေါတာ သင်္ချိုင်းတော်သည် ရောမမြို့ တွင် အကြီးဆုံးသော သင်္ချိုင်းတော်ဖြစ်ပါသည်။ အထက်ပါ သင်္ချိုင်းသို့တော်မှ မစ္ဆားဟောပြီး ဗာတီကန်သို့အပြန်တွင် အရှင်သူမြတ်ပုပ်ဖရန်စစ်သည် ၎င်း၏နောင်တော် ပုပ်ရဟန်းမင်းကြီးများ၏ အုတ်ဂူများရှိရာ စိန်ပီတာဘာဆီးလီးကား ဘုရားကျောင်းတော်ကြီးသို့ဝင်ရောက်ကာ သီးသန့် ဆုတောင်းမေတ္တာပြုပေးခဲ့သည်ဆိုခြင်းကို ဗာတီကန်ရေဒီယိုသတင်းအရ သိရှိရပါသည်။(RVA)





## ကွယ်လွန်သူကိုမီးသဂြိုလ်ခြင်းနှင့်စပ်လျဉ်း၍ကက်သလစ်သာသနာ၏ရပ်တည်ချက်ထွက်ပေါ်လာ

ဗာတီကန်။

ကွယ်လွန်သွားသောကက်သလစ်ဘာသာဝင်တစ်ဦးသည် ဘာသာတူ၏မိသားစုနှင့်သာသက်ဆိုင်သည်မဟုတ်။ ဘာသာရေး (ယုံကြည်ခြင်း) မိသားစုဖြစ်သောသာသနာတော်နှင့်လည်း စပ်ဆိုင်ပါသည်။ ထို့ကြောင့် ကွယ်လွန်သွားသော သူ၏ကျန်ရှိသည့် ရုပ်ကလပ်နှင့်စပ်လျဉ်း၍ အခြေအနေတစ်ခုခုကြောင့် ပြာချလိုက်သည်မှန်သော်လည်းပြာများကိုမူ စုသိမ်း၍မိမိတို့အိမ်၌မဟုတ်၊ ဘာသာတူများအားမြှုပ်နှံရန်သာသနာက သတ်မှတ်ထားသောနေရာ (သင်္ချိုင်း)တွင်မြှုပ်နှံရန် ဗာတီကန်ရုံးတော်မှ ထုတ်ပြန်ပါသည်။

**<u>ရဟန်းအမတ် Gerhard Muller ၏သုံးသပ်ချက်</u>**

သာသနာတော်၏ ယုံကြည်ခြင်းဆိုင်ရာသွန်သင်ချက်များ ထုတ်ပြန်ကြေငြာသော ရုံးတော်၏အမြင့်ဆုံး တာဝန်ကိုထမ်းဆောင်နေသောရဟန်းအမတ် Gerhard Mullerက ကွယ်လွန်သွားသောဘာသာတူသည်မိသားစုသာ ပိုင်သည်မဟုတ်ဘဲ၊ ဆေးကြောခြင်းမင်္ဂလာကို ခံယူခဲ့ခြင်းဖြင့်သူသည် ဘုရားသခင်၏သားသမီးလည်းဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် နက်နဲသောယေဇူးသခင်၏ ခန္ဓာတော်၏အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့ပါသည်။ ဘုရားသခင်၏လူမျိုးတော် ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကွယ်လွန်သွားသူကိုမိသားစုစိတ်ကြိုက်မြှုပ်နှံသဂြိုလ်၍မရဘဲ၊ ဘာဝတူယုံကြည်များနည်းတူ တူညီသောအခမ်းအနားဖြင့်ကျင်းပ မြှုပ်နှံရမည်ဖြစ်သည်ဟု မိန့်ကြားခဲ့ပါသည်။

ကျွန်တော်တို့သည် ဖာတိဖာသာလုပ်လို၊ နေလို၊ ကျင့်ကြံလိုသောအတွေးအခေါ်များကို လွန်ကဲစွာ မလုပ်မိရန်လိုပါသည်။ ဤသို့သောအတွေးခေါ်ရှိခြင်းသည် ကွယ်လွန်သူ မိသားစုအားမိမိတို့၏ကျဉ်းမြောင်းသော မိသားစုအဝန်းအဝိုင်း၌သာဘောင်ခတ်ပိတ်မိသွားစေပါသည်။ အမှန်ဆိုသော်ကျွန်ုပ်တို့၏ မိသားစုငယ်လေးများသည်ကြီးမားသော မိသားစုကြီး၌သွားရောက်စုစုံမိသွားပါသည်။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာ ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်ကြသည်။ ထို့ကြောင့် သင်္ချိုင်းဂူဖြင့်မြှုပ်နှံသဂြိုလ်ခြင်းသည် ကက်သလစ်ခရစ်ယာန်များအတွက် သမာရိုးကျမြှုပ်နှံသည့်နည်းဖြစ်သည်။ ကွယ်လွန်သူတို့ကို မြှုပ်နှံသဂြိုလ်ခြင်းနှင့် စပ်လျဉ်း၍ယခုကဲ့သို့ကြေငြာချက်များ ထုတ်ရခြင်းမှာ ကက်သလစ်ခရစ်ယာန်များအနေဖြင့် ကွယ်လွန်သူ၏ပြာများကို မြေပေါ်တွင်လည်းကောင်း၊ ပင်လယ်၊ လေထဲတွင်လည်းကောင်း၊ ကြဲပတ်ခြင်းသည် ဖန်ဆင်းခံများ (သဘာဝတရား)ကိုဘုရားအမှတ်နှင့် ကိုးကွယ်သူတို့၏ဓလေ့၊ သဘာဝ၏ဖြစ်စဉ်အတိုင်းကို လက်ခံသောသူတို့၏ ဓလေ့နှင့် ရောထွေးသွားမည်ကိုစိုးရိမ်ရသောကြောင့် ဖြစ်ပါသည်။

**<u>ဗာတီကန်မှ ရှင်းလင်းတိကျသောကြေငြာချက်ထုတ်ပြန်</u>**

ယခုအခါ ကွယ်လွန်သူ ခရစ်ယာန်အတော်များများလည်း မီးသဂြိုလ်မှုများပြားလာနေရာ ဗာတီကန်ရုံးတော်မှလည်း ရှင်းလင်းတိကျသော လမ်းညွှန်မှုပေးသည့် ထုတ်ပြန်ကြေငြာချက် "Ad resurgendum cum Christo" (ခရစ်တော်နှင့်အတူပြန်လည်ရှင်ပြန်ထမြောက်ခြင်း) ဟုအမည်ပေးထားသောကြေငြာချက်ကို မဖြစ်မနေထုတ်ပြန်လိုက်ရပါသည်။ အဆိုပါ ကြေငြာချက်သည်မီးသဂြိုလ်ခြင်းကို ဆန့်ကျင့်ကန့်ကွက်သည်မဟုတ်။ သို့သော် ခန္ဓာကိုယ်နှင့်မြှုပ်နှံသဂြိုလ်ခြင်းကို ပို၍အားပေးပါသည်။အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်လည်းလုံးဝ ထပ်တူကျသည့်အပြင်၊ ကွယ်လွန်သွားသူ၏ခန္ဓာကိုလည်းလေးစားမှုပြုရာရောက်ပါသည် ဟုဆိုပါသည်။ ကြေငြာချက်ထဲတွင် အချို့မီးသဂြိုလ်ထားသောပြာများကိုယူ၍မြစ်ချောင်း၊ ရေမြောင်း၊ ပင်လယ်ထဲသို့ ကြဲချသည့်အလေ့အထများရှိကြောင်း၊ ထိုအလေ့အထများသည် ကက်သလစ်သာသနာတော်၏ သွန်သင်ချက်နှင့်မကိုက်ညီကြောင်း (ထိုအလေ့အထများကိုပြုလုပ်သောဘာသာမတူသူများ၏ဓလေ့ကိုတိုက်ခိုက်ခြင်းမဟုတ်ပါ) ဤသို့ပြုလုပ်ခြင်းသည်ခရစ်ယာန်အဖွဲ့အစည်း တစ်ခုလုံးကိုလုံးဝလစ်လျူရှုလိုက်ခြင်း ဖြစ်ကြောင်းကိုလည်းရှင်းပြထားပါသည်။

**ကိုပိုက်**

## ဟိန္ဒူများ၏ဒေဝါလီပွဲတော်အတွက်ဗာတီကန်မှ နှုတ်ခွန်းဆက်သတင်းပေးပို့ခြင်း

ဗာတီကန်။ ၂၅၊၁၀၊၂၀၁၆




ခရစ်ယာန်နှင့် ဟိန္ဒူများမိသားစုအတွင်း၌ "မျှော်လင့်ခြင်းကို မြှင့်တင်ပေးသူများ"ဟူသည့်ခေါင်းစဉ်ဖြင့်၊ဘာသာတရားအချင်းချင်း နီးနှော ဖလှယ်ခြင်းဆိုင်ရာပုပ်ရဟန်းမင်းကြီး ရုံးတော်ကောင်စီ၏ ဥက္ကဋ္ဌ ကာဒီနယ်ဂျင်းလူးဝစ် တောင်ရဲန်သည် ဟိန္ဒူများ၏ ဒေဝါလီပွဲတော်အတွက် ဗာတီကန်မှ နှုတ်ခွန်းဆက် သတင်းစကားပေးပို့ခဲ့ပါသည်။

"လူ့ဘောင်အဖွဲ့အစည်းကြီးကျန်းမာစွာ ရပ်တည်နိုင်ဖို့သည် မိသားစုအတွင်းပေါင်းစည်းမှုမှ ဖြစ်ပေါ်လာပြီး၊ မိသားစုဟူသည့်သဘောတရားသည် ၎င်း၏တန်ဖိုးနှင့်အရေးပါသည့်အရာအဖြစ် ဆက်နွယ်မှုတို့တွင် အခြေခံထားသည်ကို ကျွန်ုပ်တို့နားလည်ထားကြပါတယ်" ဟုဆိုကာ တာဝန်ခံဥက္ကဋ္ဌကာဒီနယ်ကြီးက ဤသို့ဆက်လက်ရေးသားခဲ့ကြောင်း "လူကြီးမိဘများ၏မြင့်မြတ်သည့်အကျင့်ပုံစံများအားဖြင့်လူသားပီသစွာ တာဝန်ယူတတ်မှုနှင့် ကောင်းမြတ်ခြင်းများကို ထိုမိသားစုများတွင် သားသမီးများကသင်ယူကာ တန်ဖိုးထားကြကြောင်း၊ မိသားစု အခြေအနေများကြောင့် တခါတရံကျွန်ုပ်တို့၏ လူငယ်သားသမီးများ၏ စိတ်ကူးယဉ်ဝါဒနှင့် အကောင်းမြင်ဝါဒများလျော့ပါးသွားတတ်သည့်အတွက် အခက်အခဲများရှိနေချိန်တွင် ကောင်းမြတ်ခြင်းနှင့်အနာဂတ်ကိုထွေးပွေ့နိုင်ဖို့ မျှော်လင့်ခြင်းဆိုသည့်အာရုံကို ဖြေးဖြေးချင်းစိမ့်ဝင်သွားရန်အဖွဲ့အစည်းနှင့်အတူ မိဘများကလမ်းပြညွှန်ပေးရန်အရေးကြီးကြောင်း၊ပုပ်ရဟန်းမင်းကြီးဖရန်စစ်ဟောကြားခဲ့သလို မိသားစုသည် မျှော်လင့်ခြင်း၏ အလုပ်ရုံပင်ဖြစ်ကြောင်း အောက်တိုဘာ ၃၀ ရက်နေ့တွင် ကျင်းပမည့် မိတ်ဆွေတို့၏ ဒေဗာဘာလီ (ဒေဝါလီ) ပွဲတော်ကြီးအတွက် ဘာသာတရားအချင်းချင်း နီးနှောဖလှယ်ခြင်းဆိုင်ရာပုပ်ရဟန်းမင်းကြီး ရုံးတော်ကောင်စီ၏ ကိုယ်စားကျွန်ုပ်က အကောင်းဆုံးမေတ္တာပို့ခြင်းနှင့်အတူနှုတ်ဆက်ပါတယ်။ ကမ္ဘာတစ်ဝှမ်းတွင် ကျင်းပမည်ဖြစ်သော ဒေဝါလီပွဲတော်ကြီးအားဖြင့် မိသားစုများ ဆုံဆည်းခြင်းနှင့်အတူ ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်းစသည့် ကောင်းကြီးမင်္ဂလာများမိတ်ဆွေတို့၏မိသားစုများနှင့် အဖွဲ့အစည်းများအပေါ်သက်ရောက်ပါစေကြောင်းအထူးနှုတ်ဆက်ပါတယ်" ဟုဆိုကာ ဘာသာတရား အချင်းချင်းနီးနှောဖလှယ်ခြင်းဆိုင်ရာ ပုပ်ရဟန်းမင်းကြီးရုံးတော်ကောင်စီ၏ ဥက္ကဋ္ဌကာဒီနယ် ဂျင်းလူးဝစ်တောင်ရဲန်က ဟိန္ဒူများ၏ဒေဝါလီပွဲတော်အတွက် ဗာတီကန်မှ နှုတ်ခွန်းဆက်သတင်းစကား ပေးပို့ခဲ့ပါကြောင်း ဗာတီကန်ရေဒီယိုသတင်းအရသိရှိရသည်။

**(RVA)**

## ရာဇင်ဂျာဆုဆွတ်ခူးခဲ့သူ

ရာဇင်ဂျာဆုသည် အနားယူနေသောရဟန်းမင်းကြီးဘေနေဒစ် (၁၆)အားဂုဏ်ပြုသောအားဖြင့် သူ့အားကြည်ညိုလေးစားအားကျသော သူ၏လုပ်ဖော်ဆောင်ဖက်ဖြစ်ခဲ့သူများ၊ ကျောင်းသားဖြစ်ခဲ့သူများ၊ သူ၏စာပေအတွေးအခေါ်များကိုနှစ်မြိုက်သူများမှစုပေါင်း၍ (၂၀၁၀) ခုနှစ်၊ ရဟန်းမင်းကြီးဘေနေဒစ် (၁၆)၏ခွင့်ပြုချက်ဖြင့်တည်ထောင်ခဲ့သည်။ ဤဆုကို (၂၀၁၁) ခုနှစ်မှသာ စတင်ပေးအပ်လာခဲ့သည်မှာ ယခုနှစ်သည်(၆) ကြိမ်မြောက်ခဲ့ပြီးဖြစ်ပါသည်။ ယခုနှစ် ဤဆုကိုဆွတ်ခူးခဲ့သူများအနက် ကက်သလစ်ဘုန်းတော်ကြီးတစ်ပါးလည်း ပါဝင်ပါသည်။ သူ့အား အီတလီနိုင်ငံ၊ လိုမားညာမြို့တွင် (၁၉၃၄) ခုနှစ်၌မွေးဖွားခဲ့သည်။ သူသည် သီအော်လိုဂျီဘာသာရပ်များကို သင်ကြားခဲ့သောအငြိမ်းစားပါမောက္ခလည်းဖြစ်ပါသည်။ ယခုနှစ်၏ထူးခြားသောဆုရသူနှစ်ဦးအနက် ကျန်တစ်ဦးမှာ Joannis Kaourempleles ဖြစ်ပြီး၊ အော်သိုဒေါ့တစ်ဦးလည်းဖြစ်ပါသည်။ သူ့အား (၁၉၆၅) ခု၊ ဂရိနိုင်ငံ၊ အေသင်မြို့တွင် မွေးဖွားခဲ့သည်။ သူသည်သက်ဆာလောနီကီမြို့၊ Erlangen နှင့် heidelberg မြို့တို့တွင်သီဩလောဂျီဘာသာရပ်ကိုသင်ယူခဲ့ပြီး၊ ယခုအခါသူသည် သက်ဆာလောနီကီတက္ကသိုလ်တွင် သီဩလောဂျီဘာသာရပ်ကိုသင်ကြားပေးလျှက်ရှိပါသည်။ ဤဆုကိုလာမည့်နိုဝင်ဘာ (၂၆) ရက်၊ ရဟန်းမင်းကြီး၏ရုံးတော်ဖြစ်သောကလဲမင်းတိုင်းခန်းမတွင် ရဟန်းမင်းကြီးဖရန်စစ်ကိုယ်တိုင်တက်ရောက်ချီးမြှင့်မည်ဖြစ်ကြောင်းသိရှိရပါသည်။ **ကိုပိုက်**

# ရာသက်ပန်သစ္စာခံယူမည့် Junior သီလရှင်များအတွက်ကြိုတင်ပြင်ဆင်ခြင်း

CRCM ရန်ကုန်။



မြန်မာပြည်ရှိ သူတော်စင်ဂိုဏ်းအသီးသီးမှရာသက်ပန်သစ္စာခံယူမည့်Junior သီလရှင်များ အတွက် ကြိုတင်ပြင်ဆင်ခြင်းTP.Course ကို (၁-၈၊၂၀၁၆ မှ ၁၅-၁၀၊၂၀၁၆ )အထိရန်ကုန်မြို့ ကက်သလစ်သူတော်စင်များအဖွဲ့ချုပ်ရုံး (CRCM)ကျောင်း၌ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ၎င်းသင်တန်းကိုရန်ကုန်ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ်ချားလ်စ်ဘို၊ ဘားအံဆရာတော်Bp.Justin စောမင်းသိုက်၊ ပြည်သာသနာဆရာတော် Bp.Alexander ပြီးချို၊Rev.Fr.George Phe Mang(OP),Rev.Fr.Joseph Aik Maung (MS),Rev.Fr.Nicol(MS),Rev.Fr.Philip NawAung(MS) Sr.Rita Pyoe (RNDM), Sr.JayaMary(OSM), Sr.Florence(RGS), Sr.Lucia Hing Pai(FMM), Sr.Magdalene Ahmme(SJA),Sr.Mary Bernard (OSM) ဆရာမဒေါ်မောနီကာစသူတို့မှ ပို့ချပေးခဲ့ကြပါသည်။ ပို့ချပေးသော ဘာသာရပ်များမှာ ပထမရက် Half day of Recollection & Orientation, ဖြစ်ပြီးကျန်သောဘာသာရပ်မှာPraying with the Psalms,Life of Jesus and His Mission,Catholic Social Teaching &Social Mission,Re-imaging the Religious Life, (3Vows, Cannon Law,Community life,Anthropology of Christian Vocation (Psycho Spiritual integration),Knowing yourself &Seven Habits, Laudato Si,Year of Mercy ,Catechetical Methodology, Sacred Space(inner journey),Women in the Scripture, Mary & Religious Life, Leadership,နှင့်အသံပိုင်းဆိုင်ရာပညာရပ်တို့ဖြစ်ကြပါသည်။ တစ်ပတ်ခြားလေ့လာရေးခရီးOutingကို ရွှေပြည်သာသာသနာ၊ ပန်းပျိုးလက်ကျောင်းပဲခူး၊Praise &Worship at St.Peter &Paulနှင့် ဘားအံသာသနာသို့TP.Course အပိတ်ဝတ်စောင့်ခြင်းနှင့် အတူ ဖွံ့ကပင်တောင်တက်ခြင်း လေ့လာရေးခရီးမှ ဝိညာဉ်ရေး ခရီးပြုခြင်းဆီသို့လည်းကောင်း၊ မော်လမြိုင်သာသနာကာသီဒြယ်ကျောင်းတော်ကြီးသို့ လည်းကောင်းသွားရောက်ဆုတောင်းခဲ့ကြပါသည်။ ထိုTPသင်တန်းကို CRCMကျောင်းတာဝန်ခံ Sr.Rita Pyoe (RNDM)နှင့် Rev.Fr.George Phe Mang(OP)တို့မှTP.Sr.များတို့အတွက်အစ၊အလယ်၊အဆုံးထိတိုင်ဦးဆောင်လမ်းပြသွန်သင်ဖေးမ ကူညီပေးခဲ့ကြပါသည်။ Sisterများတို့သည် သင်ကြားခဲ့ရသမျှတို့ကို လေ့လာမှတ်သားကျင့်ကြံပြီးမိမိတို့၏ဘဝကို ဘုရားသခင်အတွက် ထာဝရရာသက်ပန်သစ္စာပြုနိုင်ရန်ပြင်ဆင်ကာ ဆုံးဖြတ်ချက်ချနိုင်သည်နှင့်အမျှ အသင်းတော်သာသနာ၊အသင်းဂိုဏ်းအတွက် ပိုမိုဆက်ကပ်လုပ်ဆောင်နေမည့်သူများလည်း ဖြစ်ကြသည်။ ပါဝင်တက်ရောက်သူအသင်းဂိုဏ်း(၉)ဂိုဏ်းမှ Junior သီလရှင်(၅၈)ပါးခန့်ရှိပါသည်။

ဒက်ဖူးမယ်(ISR)

# ဒီမောဆိုဂုံနှင့် လွိုင်ကော်ဂုံအတွင်းရှိ သာသနာပြုကလေးသူငယ်များ၏ ပထမအကြိမ်မြောက် နီးနှောဖလှယ်ပွဲ

CBCM-COMMISSION



လွိုင်ကော်သာသနာ၊ ဒီမောဆိုဖုံအတွင်းရှိ တိုက်နယ်ပေါင်း(၁၁)နယ်မှ သာသနာပြုကလေးများ၏ပထမအကြိမ်မြောက်နီးနှောဖလှယ်ပွဲကို အောက်တိုဘာလ(၂၀)ရက်မှ (၂၃)ရက်နေ့အထိ ဒီမောဆိုတိုက်နယ် မွှေရုံအတွင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤနီးနှောဖလှယ်ပွဲသို့ သာသနာပြုကလေးသူငယ် (၅၃၀)ဦး တက်ရောက်ပါဝင်ခဲ့သည်။ နီးနှောဖလှယ်ပွဲသို့(၂၀)ရက်နေ့တွင်ရောက်ရှိလာသော ကလေးသူငယ်များတို့သည် တစ်နာရီကိုယ်တော်မြတ်အား ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဝတ်စောင့်ခြင်းတို့ကိုစတင်ခဲ့ပါသည်။ (၂၁)ရက်နေ့သောကြာနေ့၌ ကိုးရီးယားနိုင်ငံသူ သီလရှင်များ ( Sacred Heart of Mary)မှ ၎င်းတို့၏အသင်းဂိုဏ်းအကြောင်း သိကောင်းစရာများအားဝေမျှပေးခြင်း၊ ပြည်သူ့ရဲအရာရှိတစ်ဦးမှ "မူးယစ်ဆေးဝါးအကြောင်းအသိပညာပေး ဟောပြောခြင်း" သာသနာလုံးဆိုင်ရာ သာသနာပြုကလေးသူငယ်အသင်းမှတာဝန်ခံတစ်ဦးက "ဖုန်း၏ကောင်းကျိုးနှင့်ဆိုးကျိုးဆိုင်ရာ ပညာပေးဝေမျှခြင်း" ဒေါက်တာဝင်းထက်က တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးပို့ချခြင်းများနှင့် ည(၇)နာရီ၌ တိုင်းရင်းသားအကပြိုင်ပွဲပို ကျင်းပခြင်းများ လုပ်ဆောင်ခဲ့ပါသည်။(၂၂)ရက် စနေနေ့တွင် မြန်မာနိုင်ငံ(CBCM-PMS)မှ ရဟန်းမင်းကြီးဆိုင်ရာသာသနာပြုအသင်းအဖွဲ့ရုံးမှဒေါ်အီဇဘယ်လာပြိုးပြိုးအောင်မှ ရဟန်းမင်းကြီးဆိုင်ရာသာသနာပြု ကလေးသူငယ်များအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ဒါရိုက်တာဘုန်းတော်ကြီးမှ "ကိုယ်ကျင့်တရားဆိုင်ရာကျင့်စဉ်များကိုလည်းကောင်း၊ ဝေမျှပို့ချပေးခဲ့ပါသည်။ ထို့နောက် ဆယ်ကျော်သက်စီမံကိန်းဖွံ့ဖြိုးရေးကွန်ယက်မှ တာဝန်ခံတစ်ဦး၏ ပို့ချချက်နှင့် Action Songs များ၊ မွန်းလွဲပိုင်း၌ ကျား/မ ဘောလုံးပိုလ်လုပွဲများကျင်းပပြုလုပ်ခဲ့ပါသည်။ ညနေအချိန်၌ ဖျော်ဖြေရေး အစီအစဉ်များလည်းရှိခဲ့ပါသည်။

၂၃ ရက်နေ့နံနက် (၇)နာရီအချိန်တွင် ကမ္ဘာ့သာသနာပြန့်ပွားရေးတနင်္ဂနွေနေ့ဖြစ်ပြီး လွိုင်ကော်သာသနာပိုင်ဂိုဏ်းအုပ်ဆရာတော်စတီးဗင်အမျိုးပြု၍ ရဟန်းတော်များ(၇)ပါး စုပေါင်း၍ မစ္ဆားတရားတော်မြတ်ကိုပူဇော်ခဲ့ပါသည်။ ကမ္ဘာ့သာသနာပြန့်ပွားရေး တနင်္ဂနွေနေ့မစ္ဆားတရားတော်မြတ်ပြီးဆုံးချိန်၌ ရဟန်းမင်းကြီးဆိုင်ရာသာသနာပြုကလေးသူငယ်များအသင်းစုရုံး၍ သာသနာအလံတော်အားဂါရဝပြုခြင်းနှင့် ပြန်လည်ရုတ်သိမ်းခြင်းကိုလည်း ကျင်းပလုပ်ဆောင်ခဲ့ပါသည်။

(၂၂)ရက်နေ့စနေနေ့တွင်လွိုင်ကော်ဖုံအတွင်းရှိတိုက်နယ် (၇)တိုက်နယ်ရှိသာသနာပြုကလေးသူငယ်များ တွေ့ဆုံပွဲကိုလည်းကျင်းပပြုလုပ်ခဲ့ပါသည်။ နံနက်(၉)နာရီအချိန်မစ္ဆားတရားတော်မြတ်ကို စုပေါင်းပူဇော်ခြင်း၊ (၁၀း၃၀)မှ ၁၂ နာရီထိ သာသနာလုံးဆိုင်ရာသာသနာပြုအသင်းများ၏ ဒါရိုက်တာဘုန်းတော်ကြီးနှင့်တာဝန်ခံများမှ သာသနာပြုကလေးသူငယ်များအား သင်ခန်းစာသွန်သင်ပို့ချပေးခဲ့ပါသည်။ မွန်းလွဲ(၁)နာရီမှ(၃)နာရီအထိ အကပဒေသာများတင်ဆက်ဖျော်ဖြေခြင်းကိုလည်း လုပ်ဆောင်ခဲ့ပါသည်။ ဤနီးနှောဖလှယ်ပွဲနှင့်တွေ့ဆုံပွဲတို့သည် ကလေးသူငယ်များအားသာသနာပြုစိတ် ထက်သန်ရှင်သန်နိုင်ကြရန်နှင့်အခြားဆင်းရဲသား ကလေးသူငယ်များကမေတ္တာပြနိုင်ရန် သူတို့နှင့်မိတ်သဟာယပြုနိုင်ရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

CBCM-PMS

# ဆလေးရှင်းဂိုဏ်းချုပ်ဘုန်းတော်ကြီးမြန်မာပြည်သို့ကြွလာခြင်း

ဆလေးရှင်းသူတော်စင်အသင်းဂိုဏ်းကိုတည်ထောင်သူ ဒွန်ဘောစကို၏အရိုက်အရာကိုဆက်ခံသော (၁၀)ပါးမြောက် ဆလေးရှင်းဂိုဏ်းချုပ် ဘုန်းတော်ကြီး Fr Ángel Fernández Artime သည် မြန်မာပြည်သို့ (၂၇)ရက်၊ မှ (၂၉)ရက်နေ့အထိ အောက်တိုဘာ လ (၂၀၁၆)ခုနှစ်အထိ သုံးရက် တာ အလည်အပတ်ကြွရောက် ခဲ့ပါသည်။ မြန်မာပြည်သို့ ဒွန်ဘောစကို ၏ အရိုက်အရာကိုဆက်ခံသော ဆလေးရှင်း ဂိုဏ်းချုပ်ဘုန်းတော်ကြီး(၃)ပါး ကြွခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် Fr. Ziggiotii(Rector Major)၊ ၁၉၇၉ ခုနှစ် အောက်တိုဘာ လ ၁၈-၁၉ ရက် တွင် Fr. Egidio Vagano (Rector Major)နှင့် ၂၀၁၆ခုနှစ် တွင် Fr Ángel Fernández Artime တို့ဖြစ်ကြသည်။



Fr. Ziggiotii(Rector Major)1955



Fr. Egidio Vagano(Rector Major) 1979



Fr Ángel Fernández Artime (2016)



အာရှတိုက်တာဝန်ခံနယ်စည်းဘုန်းတော်ကြီး Fr. Vaclav Klement နှင့် ဂိုဏ်းချုပ်ကြီး၏ ကိုယ်ရေး အတွင်းရေး မှူး တို့ လိုက်ပါလျက် အောက်တို ဘာလ(၂၇)ရက်နေ့တွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ မြန်မာပြည်အကြီးအကဲ Fr. Charles Saw ဦးဆောင်ကာ ဆလေးရှင်းဘုန်းတော်ကြီးများနှင့် ဆလေး ရှင်း မိသားစုဝင်များက ကြိုဆိုခဲ့ကြသည်။ ဂိုဏ်းချုပ်ကြီးသည် မန္တလေးမှ ပြင်ဦးလွင်၊ အနီးစခန်း နာဇရက် ရဟန်း ဖြစ်သင်ကျောင်းသို့ ရောက်ရှိလာကာ မြန်မာပြည် ဆလေးရှင်းများ အစေခံရာအနယ်နယ်အရပ်ရပ်ရှိ ကျောင်းများမှ လူငယ် အယောက်(၇၀၀)ကျော်တို့က "ဒွန်ဘောစကိုသက်တော်ရာကျော်ရှည်ပါစေ"ဟု အလံများဝှေ့ယမ်း လျက် သောင်းသောင်းဖျဖျ ကြို ခဲ့ ကြသည်။ အနီးစခန်းမယ်တော့်ရင်ပြင်ခန်းမဆောင်ထဲတွင် ဂိုဏ်းချုပ် ဘုန်းတော်ကြီးကို မြန်မာ့ရိုးရာအကဖြင့် ပင့်ဆောင်လာကာ ဒွန်ဘောစကို သီချင်းများဖြင့် ဂုဏ်ပြု ခဲ့ကြသည်။ ဆလေးရှင်း ကိုရင်ကြီးစတီဖင်းမှ ဂိုဏ်းချုပ်ကြီးအားကြိုဆိုသြဘာစာဖတ်ကြားခြင်း ဒွန်ဘောစကို ကိုယ်တိုင် မြန်မာပြည်သို့ သာသနာပြုအဖြစ်သွားလိုသောလည်း သူ၏ ဝိညာဉ်လမ်းညွှန် ဘုန်းတော်ကြီးက မြန်မာပြည်သို့ သာသနာပြုအဖြစ် သွားရန် အခွင့်မပြုခဲ့ ကြောင်း၊ ဒွန်ဘောစကို ကိုယ်တိုင်မြန်မာပြည်သို့မသွားရောက်သော်လည်း သူ၏ သားသမီးများ သွားကြမည်ဖြစ်ကြောင်း လမ်းညွှန်ပေးခဲ့ကြောင်း ဇတ်လမ်းတိုဖြင့် ပြသခဲ့သည်။



လူငယ်များအား အားပေး စကားပြောကြားရာတွင် "ဘဝကို ပျော်ရွှင်စွာဖြင့်နေတတ်ရန်၊ မိမိတို့၏ ခေါ်တော်မူခြင်းကိုကောင်းမွန်စွာ စမ်းစစ် ရန်နှင့် အထူးသဖြင့်သူတော်စင်ဘောင်သို့(ဆလေးရှင်း)ခေါ်တော်မူခြင်းကို သေသေချာချာ ရွေးချယ်ရန်" အားပေးပြောကြားခဲ့သည်။

လူငယ်မောင်မယ်များကလည်း မေးခွန်းများကို အပြန်အလှန် မေးကြရာ ဂိုဏ်းချုပ်ကြီး၏မိသားစုအကြောင်း၊ ခေါ်တော်မူခြင်းအကြောင်း၊ မိမိဘဝတွင် ပျော်ရွှင်နေနိုင်အောင်မည်ကဲ့သို့ ဆောင်ရွက် ခဲ့ကြောင်း၊ အခက်အခဲများကိုအကောင်းမြင်သော စိတ်ထားဖြင့်ကျော်ဖြတ်ခဲ့ခြင်းတို့ကို ပြန်လည်ဝေမျှခဲ့သည်။ ဘာသာစကား မတူသော်လည်း မြူးဇစ်(တေးဂီတ) သည် ဂိုဏ်းချုပ်ကြီးနှင့် လူငယ်များအကြားတွင် အကောင်းဆုံးနှင့် အအောင်မြင်ဆုံး သောဆက် သွယ်နည်းတစ်ခုဖြစ်ခဲ့သည်။ ဂိုဏ်းချုပ်ကြီး အား ကြိုဆိုရန် မြန်မာ ပြည်အနယ်နယ်အရပ်ရပ်မှ ရောက်လာကြသော လူငယ်များကိုဂိုဏ်းချုပ်ကြီး ကိုယ်တိုင် ဂီတာတေးကာ စပိန်ဘာသာဖြင့်သီချင်းဆို၍ ပြန်လည်ကြိုဆိုခဲ့သည်။



ဂိုဏ်းချုပ်ကြီးသည် ဆလေးရှင်းဖြစ်သင်ကျောင်း(Novitiate) နှင့် ဆလေးရှင်းသီလရှင်ကျောင်း (Mornese) ကျောင်းများသို့လည်း သွားရောက်လည်ပတ်ကာ "ဘုရားသခင်၏ အလိုတော်ကို အမြဲရှာဖွေ တောင်းတ၍ ထောက်ရှု စဉ်းစားရန် လိုအပ်ကြောင်း၊ ကောင်းသော သူတော်စင်တစ်ပါး ဖြစ်လာစေရန် ကောင်းသောသိုးထိန်းခရစ်တော်ယေရှုကို အမြဲအတုယူရမည်ဖြစ်ကြောင်း" အားပေး ပြောကြားခဲ့သည်။ ဆက်လက်၍ ဆလေးရှင်း မိသားစုဝင်များနှင့် ညနေစာ အတူတူဝိုင်းဖွဲ့သုံးဆောင်ရင်း မြန်မာ့စောင်းဖြင့် တီးခတ် ဖျော်ခြင်း နှင့် တိုင်းရင်းသား ရိုးရာအကများဖြင့် ဂုဏ်ပြုခဲ့ကြသည်။

ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏နောက်ဆုံးအားပေးကားမှာ "ဘဝကို ပျော်ရွှင်ခြင်းနှင့် ကောင်းသောသိုးထိန်းခရစ်တော်ကို အစဉ်အတုယူကာ လူငယ်များကို ဆက်လက်အစေခံနိုင်ကြပါစေ" ဟု မိန့်မှာခဲ့ပါသည်။

အဆက်စာမျက်နှာ (၁၁)သို့

စာမျက်နှာ (၁၀)မှအဆက်




(၂၉၊၁၀၊၂၀၁၆)ရက်နေ့ နံနက်တွင် ဂိုဏ်းချုပ်ဘုန်းတော်ကြီး Fr. Angel Farnanzed Artime သည် မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာအတွင်းရှိ နန်းရှေ့ 'ဒွန်ဘောစကို လူငယ်များဖွံ့ဖြိုးရေးကျောင်း"သို့ ကြွရောက်ကာ မန္တလေးဂိုဏ်းချုပ် ဆရာတော်ကြီးနီကောလားစ်မန်ထန်း၊ ဆလေးရှင်း အသင်းဂိုဏ်းမှဘုန်းတော်ကြီးများ၊ ကိုရင်များနှင့်တွေ့ဆုံခဲ့ပါသည်။

Fr. Angel Farnanzed Artime မှ နှုတ်ခွန်းဆက်စကား မြွက်ကြားရာတွင် "ကျွန်ုပ်မြန်မာပြည်ကိုလာရောက်တဲ့ သုံး ရက်သာရဲ့ အဆုံးလေးမှာပဲလာရတဲ့ အတွက် စိတ်တော့မကောင်းပါဘူး။ ဒီကို လာတဲ့အခါမှာ ဂိုဏ်းချုပ် ဆရာတော်ကြီး၊ ဘုန်းတော်ကြီး များ၊ လူငယ်တွေ၊ ကလေး တွေ၊ မြန်မာ့ရိုးရာအကတွေကိုတွေ့ ရ တယ်၊ ကျောင်းကိုလာရတာလည်း ကိုယ့် အိမ်ကို ရောက်နေသလိုဖြစ်တဲ့အတွက်၊ အားလုံးကိုတွေ့ရတဲ့အတွက် ကျေးဇူးတင် ပါတယ်။ အခုလို ခမ်းခမ်းနားနား၊ ကြီးကြီး ကျယ်ကျယ်နဲ့ ကြိုဆိုတဲ့အတွက် ရိုးရာ ယဉ်ကျေးမှုတွေနဲ့တကွ ကြိုဆိုတဲ့အတွက်ကြောင့်လည်း ကျေးဇူးတင်ပါတယ်။ ပျော်ရွှင်ခဲ့ရပါတယ်။ လူငယ် တွေနဲ့တွေ ခဲ့ရတယ်၊လူငယ်တွေရဲ့အပြုံးတွေအများ ကြီးတွေ့ ခဲ့ရတယ်? ဒါတွေကကျွန်ုပ်အတွက် အင်မတန်မှဝမ်းသာစရာတွေပါ။ ဒီကိုလာရတာ ဒီကိုလာရတာ တကယ့်ကိုယ့် အိမ်လိုပဲခံစားရပါတယ်။ဒီမှာရှိတဲ့ ကက်သလစ်အသင်းတော်လေးထဲမှာ ကျွန်တော်တို့ကလည်းပါဝင်ခွင့်ရတယ်၊အတူတကွ ပူးပေါင်းလုပ်ဆောင်ခွင့် ရတဲ့ အတွက် အင်မတန်မှ ကျေနပ်မိပါတယ်။အဲဒါကြောင့် ခုလိုရောက်လာတဲ့ အခါမျိုး မှာ အခွင့်ရေး လေး ယူပြီးတော့ ဒီမှာရောက်လာတဲ့သူအားလုံးကို နှုတ်ဆက်ချင်ပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ချင် ပါတယ်။ ဆလေးရှင်းလူငယ်လေးတွေကိုတွေ့ရတဲ့အတွက်လည်း အင်မတန်မှ ဝမ်းသာပါတယ်။ ဆလေးရှင်း မိသားစုအနေနဲ့တစ်ခု ပြောချင်တာ ကတော့ ဒီလူသားထုကြီးကို ဆက်လက် အစေခံသွားပါ့မယ်လို့ ပြောချင် ပါတယ်။ ဘုရားသခင်နဲ့မယ်တော်သခင်မထံမှဒီမှာရှိတဲ့လူ အားလုံး အတွက် ၊ကျွန်ုပ်တို့မိသားစုအတွက်၊ အားလုံးအတွက် ဘုရားသခင်ရဲ့ကောင်းချီး မင်္ဂလာ ခံစားရပါ စေလို့ဆုတောင်းပေးပါ့မယ်။ ကျေးဇူး အများကြီး တင်ပါတယ်။ ဘုရားသခင်သည် သင်တို့ကို ကောင်းချီးပေးပါစေ" ဟု ပြောကြားခဲ့ပါသည်။



ဆက်လက်၍ ဆလေးရှင်းအသင်းဂိုဏ်းချုပ်ဘုန်းတော်ကြီး Fr. Angel Farnanzed က မယ်တော်ဂူအား ကောင်းချီးပေးကာ ဖွင့်လှစ်ပေးခဲ့ကာ အသစ်ဆောက်လုပ်ထားသော St. John Paul II အား အပ်နှံထားသည့် ဘုရားကျောင်းထဲသို့ ကြွရောက်ခဲ့သည်။

အဝေးသင်စာမေးပွဲဖြေဆိုနေကြသော ဆလေးရှင်း ကိုရင်များနှင့် သီးသန့် တွေ့ဆုံကာ "ကောင်းသောသိုးထိန်းခရစ်တော်၏နလုံးသားကို ဒွန်ဘောစကို၏ကျင့်စဉ်အတိုင်း လမ်းနာကျင့်ကြံရမယ်၊ လူငယ်များအား အစေခံလိုသောစိတ်ပြင်းပြရမယ်၊ မိမိတို့၏ ခေါ်တော်မူခြင်းကို တန်ဖိုးထားရန်၊ ပျော်ရွှင်ခြင်းဖြင့် ဘုရားသခင်ကိုအစေခံရန်၊ နှိမ့်ချသော နလုံးသားဖြင့်ခရစ်တော်ကို အစေခံရမယ်၊ ဒါမှမဟုတ်ဘူးဆိုရင် ငါတို့ဟာ ဆလေးရှင်းများ မဟုတ်တော့ဘူး။ မြန်မာပြည်မှာ ဆလေးရှင်းများ မလုံလောက်သေးဘူး၊ ဒွန်ဘောစကိုရဲ့ စိတ်ဓါတ်နှင့် မြန်မာပြည်မှာ လူငယ်များကိုအစေခံမယ့် သူတွေကို ငါတို့လိုအပ်နေတယ်။ ဆလေးရှင်းဆိုတဲ့ နာမည်ခံသက်သက်မလိုအပ်ဘူး။ ဆလေးရှင်းစိတ်ဓါတ်ဖြင့် လုပ်ဆောင်ချက်မှသာလျှင် လူတွေကအသိအမှတ်ပြုလက်ခံနိုင်မယ်ဆိုတာသေချာမှတ်သားထားကြပါ" ဟု လမ်းညွှန်ကြားပေးခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ဆလေးရှင်းများစတင်ရောက်ရှိခဲ့သော မန္တလေး လဖုန်းကျောင်း သို့ လည်းသွားရောက်ကာ မြန်မာပြည်ကက်သလစ်သာသနာတော်နှင့် ဆလေးရှင်းဂိုဏ်း အတွက် မိုင်းမတော်မူသော မယ်တော်သခင်မ ထံမှ တစ်ဆင့် ဘုရားသခင်ထံတော်သို့ ပူဇော်ဆုတောင်းပေးခဲ့သည်။

ဆလေးရှင်းအသင်းဂိုဏ်းချုပ်ဘုန်းတော်ကြီးကို မိသားစုဝင်များက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်လံပို့ဆောင်နှုတ်ဆက်ကြစဉ် မြန်မာပြည်သို့ကြွရောက် လာသော ဒွန်ဘောစကို၏အရိုက်အရာ ဆက်ခံသူ ဂိုဏ်းချုပ်ဘုန်းတော်ကြီးသုံးပါးတိတိကို ကြိုဆိုခွင့်ရခဲ့သူ သက်တော်(၈၅)နှစ်ရှိ ဘုန်းတော်ကြီး Cyril Francis အား ဂိုဏ်းချုပ်ကြီးက သူကိုယ်တိုင်ဆွဲထားသည့် လက်ဝါးကားတိုင်တော်ကို အမှတ်တရလက်ဆောင်အဖြစ် ဆွဲပေးခဲ့သည်။ (Fr.Leo Mang (SDB)

## RVA မြန်မာဘာသာအစီအစဉ်

သောတရှင်ဓမ္မမိတ်ဆွေများရှင်Radio Veritas Asia အာရှသမ္မတရားမြန်မာဘာသာ အစီအစဉ်သည် အာရှဆရာတော်ကြီးများ အဖွဲ့ချုပ်လူထုဆက်သွယ်ရေးရုံး၏ ညွှန်ကြားချက်နှင့် မြန်မာနိုင်ငံမှသက်ဆိုင်ရာ တာဝန်ခံဆရာတော်ကြီးများ၏ သဘောတူညီမှုများအတိုင်း ထုတ်လွှင့်မှုအစီအစဉ်များကို တိုးတက်ပြောင်းလဲလာသော ခေတ်၏တောင်းဆိုမှုနှင့်အညီ ပြင်ဆင်ထုတ်လွှင့်လျှက်ရှိပါသည်။ ရာနှုန်းပြည့် Online Radio ထုတ်လွှင့်မှုအတွက်လိုအပ်သော အသေးစိတ်ပြင်ဆင်မှုများကို အားတက်သရော ပြင်ဆင်ဆောင်ရွက်နိုင်ရန် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ (၇)ရက် တနင်္လာနေ့မှစတင်ကာ နံနက်ပိုင်းလှိုင်းတို ရေဒီယို အစီအစဉ်ထုတ်လွှင့်မှုများကို ရပ်ဆိုင်းသွားမှာဖြစ်ပါကြောင်း သို့သော် ညနေပိုင်းအစီအစဉ်ကိုမူ ရေဒီယိုမှ ဆက်လက်ထုတ်လွှင့် ပေးသွားမှာဖြစ်ကြောင်း အသိပေးလိုပါတယ်။ ဒါ့ကြောင့်အာဗွီအေကိုချစ်သော သောတရှင်များအနေနဲ့ နံနက်ပိုင်းရေဒီယို အစီအစဉ်အစား အာဗွီအေ အင်တာနက် ဝက်ဘ်ဆိုဒ်မှသော်လည်းကောင်း၊ RVA Myanmar Facebook စာမျက်နှာမှသော်လည်းကောင်း၊ RVA mobile App နှင့် RVA Myanmar Application တို့မှ ဆက်လက်အားပေးကာ နားဆင်ပေးကြပါလို့ လေးစားချစ်ခင်စွာဖြင့်အသိပေး ကြေငြာအပ်ပါတယ်။ (CBCM-osc)

# မြန်မာနိုင်ငံအသင်းတော်ပေါင်းစုံ ဆုတောင်းရေးရာကော်မတီ၏ (၁၀) နှစ်ပြည့်နှစ်ပတ်လည်နေ့ တွင်ရန်ကုန်ဂိုဏ်းချုပ်လက်ထောက်ဆရာတော်ဂျွန်စောယောဟန်ဩဝါဒမြွက်ကြား

**ရန်ကုန်။ ၄၊၁၁၊၂၀၁၆**

မြန်မာနိုင်ငံ အသင်းတော်ပေါင်းစုံ ဆုတောင်းရေးရာကော်မတီ၏(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ကို၂၀၁၆ခုနှစ်၊နိုဝင်ဘာလ (၄)ရက် စနေနေ့တွင်နေ့တစ်ပိုင်းအစီအစဉ် များဖြင့် ဦးနော အောက်မေ့ဖွယ်နှစ်ခြင်း အသင်းတော်၊ လမ်းမတော်မြို့နယ်တွင်ပြု လုပ်ကျင်းပခဲ့ရာ ထိုတွေ့ဆုံနီးနှောခြင်းအစီ အစဉ်များ၌ ရန်ကုန်ဂိုဏ်းချုပ် ဆရာတော် ကြီးဂျွန်စောယောဟန်ကပါဝင်တက်ရောက် သူအားလုံးအတွက် ဓမ္မဒေသနာတော်ကို ဝေမျှဟောပြောသွားပေးခဲ့သည်။ တရားဒေ သနာထဲတွင်ဆရာတော်ကြီးက(ရှင်မာတေ ဦး ၁၆း၂၁-၂၄ )ကို အခြေခံ၍ မိန့်ကြားရာ သခင်ယေရှုးကဂျေရုဇလင်ကိုသွားတော့ မယ်လူအကြီးအကဲ ယဇ်ပုရောဟိတ်အကြီး ၊ ကျမ်းပြုဆရာတို့၏လက်၌ ဒုက္ခများစွာခံရ မယ်၊ အသေသတ်ခံရမယ်လို့ တပည့်တော် ကြီးတွေကို မိန့်ဆိုတဲ့အခါမှာရှင်ပေတရုကး ကိုယ်တော့်မှာ အဲ့လိုမဖြစ်ပါစေနဲ့ ဤအမှု သည် ကိုယ်တော်မှလွဲပါစေလို့တားဆီးပါ တယ်။ အဲ့ဒီအခါမှာ ယေရှုးက ရှင်ပေတရုး ကို "အချင်းဆာတန်နောက်သို့ဆုတ်လော" ဟုပြင်းပြင်းထန်ထန် သတိပေးလိုက်တာ ကို တွေ့ရပါတယ်။ သခင်ယေရှုးဟာသူနဲ့ သူ့နောက်လိုက် တပည့်တော်တွေရဲ့ဘဝ တွေကို ကားတိုင်ရှောင်တဲ့ ဘဝမျိုးမဟုတ် ပဲဆောင်တဲ့ဘဝ သာဖြစ်စေချင်တယ်ဆို တာကို တွေ့ရပါတယ်။ သခင်ယေရှုးဟာ ဒုက္ခကားတိုင်အားဖြင့် နတ်ဆိုးကြောင့်ဆုံး ရှုံးခဲ့ရတဲ့ ကောင်းကင်ချမ်းသာကို ရယူပေး နိုင်ခဲ့တယ်။ တစ်နည်းအားဖြင့်ကားတိုင်ဟာ သခင်ယေရှုးအတွက် အောင်မြင်ခြင်းလက် နက်ဖြစ်သလိုဆာတန်နတ်ဆိုးများအတွက် တော့ ဆုံးရှုံးမှုတွေနဲ့ပြည့်ဝတဲ့ ကြောက်ရွံ့ စရာလက်နက် တစ်ခုဖြစ်စေခဲ့တယ်။ ကား တိုင်နဲ့ဝေးမှ နတ်ဆိုးများဟာ ရှင်သန်ရပ် တည်နိုင်မှာ ဖြစ်တဲ့အတွက် သခင်ယေရှုးနဲ့ သူ့နောက်လိုက်တွေကိုကားတိုင်များမထမ်း ဖို့ဆက်လက်ပြီး နှောင့်ယှက်နေကြမှာဖြစ် သလို လွယ်ကူတဲ့လမ်းပေါ်မှာ လူအများနဲ့




အတူရေစုန်မျောဖို့သွေးဆောင်ဖြားယောင်း နေကြဦးမှာဘဲဖြစ်တယ်ရဟန္တာကြီးSt.John of the Cross က "ဝိညာဉ်တိုင်းဟာဘုရား သခင်နိုင်ငံတော်ကိုဝင်ရောက်နိုင်ဖို့အတွက် မြစ်ကြီးတစ်ခုကိုဖြတ်ကျော်ရမယ်၊ အဲဒီမြစ် ကတော့ဒုက္ခခံခြင်းဆိုတဲ့မြစ်ဘဲဖြစ်ပါတယ်" လို့ဆိုခဲ့ပါတယ်။ သခင်ယေရှုးက သူ့နောက် လိုက်ဖို့ခေါ်တဲ့အခါ မင်းတို့ကိုယ့်ကားတိုင် ကိုယ်မထမ်းဘူးဆိုရင် ငါ့နောက်လိုက်မဖြစ် နိုင်ပါဘူးလို့ ရှင်းရှင်းလင်းလင်းပဲ မိန့်ဆိုခဲ့ပါ တယ်။ တစ်နည်းအားဖြင့်တော့ အခက်အခဲ များကို နောက်မဆုတ်စတမ်း တန်ဖိုးထား ပွေ့ဖက်နိုင်မှသာ ငါ့နောက်လိုက်ပါလို့ပြော နေခြင်းလည်း ဖြစ်ပါတယ်ဟု မိန့်ကြားခဲ့ သည်။ ဆက်လက်ပြီး ဆရာတော်ကြီးက "သင်နဲ့ ကျွန်ုပ်တို့ လျှောက်နေတဲ့ဘဝမှာ ကြုံတွေ့ရတဲ့ကားတိုင်တွေကို မြတ်မြတ်နိုး နိုးတန်ဖိုးထား ပွေ့ဖက်နေတယ်ဆိုရင်တော့ ကျွန်ုပ်တို့ဟာ လမ်းမှန်ပေါ်မှာရှိနေတယ်ဆို တဲ့ အမိပ္ပါယ်ပါ။ ကားတိုင်နဲ့ဝေးတဲ့နေရာမှာ နေချင်တာဆိုရင်တော့ ကားတိုင်နဲ့နီးကပ် နေတဲ့ခရစ်တော်နဲ့ ဝေးနေမှာဘဲဖြစ်တယ်။ ဒါကိုသိနေပေမယ့် တကယ်တမ်းနဖူးတွေ့ ဒူးတွေ့ ဒုက္ခအခက်အခဲရင်ဆိုင်ရတဲ့အခါမှာ တော့အံ့သြမင်သက်မှုတွေ ရှိထားကြတာ ဘာကြောင့်လဲ။ ကျွန်ုပ်တို့ဘာကြောင့် ကား တိုင်ဒုက္ခကိုငြင်း ပယ်ချင်ကြတာလည်းဆို တော့ ပတ်ဝန်းကျင်ရဲ့အတွေးခေါ် လုပ် ဆောင်မှုတွေဟာ ကျွန်တော်တို့ကို လွှမ်းမိုး နေလို့ဘဲဖြစ်တယ်။ ကျွန်တော်တို့ရဲ့မသိ စိတ်မှာလွှမ်းမိုးနေတဲ့ မှားယွင်းတဲ့ အယူအ ဆတွေကို ဆာတန်နတ်ဆိုးကကောင်း ကောင်းအသုံးချပြီး ကားတိုင်မပါတဲ့ ခရစ် တော်နောက်ကိုလိုက်ဖို့နှောင့်ယှက်နေမှာပဲ ဖြစ်တယ်ဆိုတာကို သတိကြီးစွာထားဖို့လို ပါတယ်။ သခင်ယေရှုး ကားတိုင်ထက်မှာ ဒုက္ခဝေဒနာ ခံစားတဲ့အချိန်မှာလူတွေသခင် ယေရှုးကို စိန်ခေါ်ခဲ့ကြတယ်။ "မင်းကိုယ် မင်းကားတိုင်က လွှတ်အောင်လုပ်လေ၊မင်း ဟာဘုရားဆိုရင် ဒါလေးတော့အစွမ်းရှိရမှာ ပေါ့။ အဲလိုလုပ်နိုင်ရင်မင်းရဲ့ ဘုရားဖြစ်ခြင်း ကို ယုံမယ်" တဲ့၊ လောကကြီးဟာ သခင် ယေရှုးနဲ့ အသင်းတော်ကို ခက်ခဲတဲ့လက် ဝါးကားတိုင်မှာ မတွေ့ချင်ကြပါဘူး၊ သက် သာတဲ့ လွယ်ကူတဲ့ အနေအထားမှာသာ တွေ့မြင်လိုကြတယ်ဆိုတာသူတို့ရဲ့တောင်း ဆိုမှုဆန္ဒတွေမှာ သတိထားကြည့်ရင်တွေ့ ရပါတယ်။ ရှင်ယောဟန်( ၆း ၆၁-၇၁) မှာ ငါ့အသားကိုစား၊ငါ့အသွေးကိုသောက်ထာဝ ရအသက်ရလိမ့်မယ်လို့ ဘုရားရှင်သွန်သင် ဖိတ်ခေါ်တဲ့အခါမှာလက်မခံနိုင်တဲ့လူအများ စုကထွက်ခွါသွားကြတယ်။ မင်းကောထွက် သွားမလားလို့ ယေရှုးကပီတာကို မေးတဲ့ အခါ ပီတယ်က "ကိုယ်တော်ထံမှတစ်ပါး အခြားသွားစရာနေရာမရှိပါ"လို့ပီတာကဖြေ ခဲ့တယ်။ သူကောင်းကောင်း နားလည်လို့ တော့မဟုတ်ပါဘူး၊ ယုံကြည်ခြင်းနဲ့ လက်ခံ ခဲ့တာပါ။ ကျွန်ုပ်တို့ဘဝမှာလည်း သခင်ရဲ့ သွန်သင်ချက်တွေကို နားလည်နိုင်တာတွေ ရှိသလို နားမလည်နိုင်တာတွေလည်းရှိပါ တယ်။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်ရဲ့ မေတ္တာကို ယုံကြည်ခြင်းနဲ့လက်ခံမယ်ဆိုရင် တော့ ရှင်ပေတရုးလိုပဲ သခင်နဲ့နီးစပ်နေပြီး ထာဝရအသက်အတွက်အာမခံချက်ရှိနေမှာ ဖြစ်တယ်။ ကားတိုင်ကို လှမ်းမကိုင်ပဲရှောင် ပြေးခဲ့တဲ့ အခြေအနေတွေအတွက်ဘုရားရှင် ကိုတောင်းပန်ကြရအောင်။ ဘုရားရှင်ထံပါး ကိုပြန်လှည့်ကြရအောင် အရှိကိုအရှိအတိုင်း လက်ခံပေး တဲ့ဘုရားရှင်ဟာနောင်တနဲ့ပြန် လာမယ့် ကျွန်ုပ်တို့ကို အစဉ်အမြဲစောင့်ကြို ဆိုခွင့်လွှတ်ချမ်းသာကောင်းကြီးမင်္ဂလာတွေ ပေးနေမှာပဲဖြစ်တယ်။ သင်နဲ့ကျွန်ုပ်တို့ရဲ့ ဘဝမှာ ကားတိုင်ရှိနေသရွေ့လက်ခံနိုင်သ ရွေ့သင်နဲ့ကျွန်ုပ်ဟာ သခင်နဲ့နီးနေပြီးလမ်း မှန်ပေါ်မှာရှိနေမှာဖြစ်တယ်။ ဒါကြောင့်ကား တိုင်ကိုလှမ်းကိုင်နိုင်ကြပါစေ"ဟူ၍ဘဝတိုင်း တွင်အခက်အခဲများရှိကြောင်း ယင်းကိုခရစ် တော်နှင့်အတူ ရင်ဆိုင်နိုင်ရန်ကြိုးစားရမည် ဖြစ်ကြောင်းတို့ကို အကျယ်တဝင့်ဟောပြော ဝေမျှပေးသွားခဲ့ပါသည်။ မြန်မာနိုင်ငံအသင်း တော်ပေါင်းစုံ ဆုတောင်းရေးရာ ကော်မတီ ကို၂၀၀၆ခုနှစ်မှစတင်ဖွဲ့စည်းခဲ့ပြီး၊အမိမြန်မာ နိုင်ငံတော်ချမ်းသာရန်၊ အသင်းတော်သာသ နာအဖွဲ့အစည်းများ ရှင်သန်နိုးကြားလျှက် စုပေါင်းလုပ်ဆောင်နိုင်ရန်၊ နိုင်ငံတော်၏အ ရေးပေါ် လိုအပ်ချက်များအတွက်ဆုတောင်း ခြင်း၊ဆုတောင်းခြင်းညီလာခံများကျင်းပခြင်း တို့ကို အဓိကထားလျှက် လုပ်ဆောင်လာခဲ့ သည်မှာ ယခုဆိုလျှင် (၁၀) နှစ်ပြည့်ပြီးဖြစ် သည်။ (၁၀)နှစ်တာ ကာလအတွင်းဘုရား သခင်၏ မစခြင်းအမျိုးမျိုးကိုလည်း အသင်း တော်နှင့် နိုင်ငံတော်သည် ခံစားရပါသော ကြောင့်(၁၀)နှစ်ပြည့် ကျေးဇူးတော်ချီးမွမ်း ခြင်းနှင့် ဆုတောင်းပွဲကို ကျင်းပရခြင်းဖြစ် ကြောင်းသတင်းရရှိပါသည်။

**(CBCM-osc)**

## John Paul ll Studio ဖွင့်ပွဲ

**တောင်ငူ။ ၆၊၁၁၊၂၀၁၆**







တောင်ငူသာသနာ ကက်သလစ်ဆရာတော်ကျောင်း တိုက် ဓမ္မရုံအောက်ဆုံးထပ်တွင် John Paul ll Studio ဖွင့် ပွဲကို(၆၊၁၁၊၂၀၁၆ ) တနင်္ဂနွေနေ့ နေ့လည် ၁၂း၀၀နာရီအချိန်တွင် ဂိုဏ်းအုပ်ဆရာတော်အိုက်ဇက်ဓါနမှဖဲကြိုးဖြတ်ကောင်းချီးပေးကာ ဖွင့်လှစ်ပေးခဲ့ပါသည်။ဆရာတော်မှအဖွင့်ဩဝါဒနှင့်Studio တာဝန် ခံRev.Fr.Daniel အာခိုးမှ ကျေးဇူးတင်စကားမြွက်ကြားခဲ့ပါသည်။ ကိုဇော်ဇော်မောင်မှကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ကြွရောက်လာကြသောဆရာတော်၊ ရဟန်းများ၊ သီလရှင်နှင့် လူ ပရိသတ်တို့အား နေ့လည်စာဖြင့်ဧည့်ခံခဲ့သည်။ စတူဒီယိုဖွင့်ပွဲသို့ တက်ရောက်သူ ၅၀ ဦးခန့်ရှိကြောင်းသိရပါသည်။

**ဒက်ရှုးမယ် (ISR)**





# တရားမျှတရေးနှင့်ငြိမ်းချမ်းရေးကော်မရှင် ဒါရိုက်တာများ၏နှစ်စဉ်အစည်းအဝေး

CBCM-COMMISSION

Justice and peace commission ဒါရိုက်တာ အစည်းအဝေးကို ၄-၅၊၁၁၊ ၂၀၁၆အထိ နှစ်ရက်တာ အစည်းအဝေးပြုလုပ်ခဲ့ပါသည်။ ဒါရိုက်တာ အစည်းအဝေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်မှ justice and peace commission ၏ရှေ့လုပ်ငန်းစဉ်များအတွက် နည်းဗျူဟာ ချမှတ်ရန်နှင့် လူနည်းစုဖြစ်သော ဌာနီနေတိုင်းရင်းသားများ၏အခွင့်အရေးများ မြှင့်တင်ပေးရေးကို အဓိကထားဆွေးနွေးသွားခဲ့သည်။ အစည်းအဝေးကျင်းပရာတွင် ပါဝင်သောသူများမှာ Justice and Peace Commission၏ ကော်မတီများ၊ ဥက္ကဋ္ဌများ၊ ဝန်ထမ်းများ၊ ရုံးချုပ်ဒါရိုက်တာ၊ သာသနာအလိုက်ဒါရိုက်တာများ၊ ပြင်ပ ပညာရှင်များနှင့် အခြားသောစိတ်ဝင်စားသူများလည်း ပါဝင်သည်။ အစည်းအဝေးကို တက်ရောက်သူလူဦးရေ စုစုပေါင်းမှာ (၁၉)ဦးဖြစ်ပြီး တက်ရောက်ခဲ့သောသာသနာများမှာ မြစ်ကြီးနား၊ လားရှိုး၊ ဗန်းမော်၊ မော်လမြိုင်၊ မန္တလေး၊ ဘားအံ၊ ရန်ကုန်၊ ပြည်၊ ပုသိမ်နှင့် ဖယ်ခုံသာသနာတို့ဖြစ်သည်။

ပထမနေ့အစည်းအဝေးကို နံနက် (၉)နာရီ အဖွင့်ဆုတောင်းမေတ္တာဖြင့် JP ရုံးချုပ်ဒါရိုက်တာ Fr. Thomas မှ ဆုတောင်းပေးခဲ့ပါသည်။ Justice and Peace Commission ၏ဥက္ကဋ္ဌဖြစ်သော ဆရာတော်ရေမွန်စောဖိုးရေမှ အဖွင့်စကားကို ပြောကြားခဲ့သည်။ justice and peace ရုံးချုပ်ဒါရိုက်တာဖြစ်သော Fr. Thomas မှ ရုံးချုပ်၏လှုပ်ရှားပုံနှင့်ဖွဲ့စည်းပုံကိုပြန်လည်တင်ပြဆွေးနွေးသွားပါသည်။

Fr. Cyprian Aung Win မှ Catholic Social Teaching အကြောင်းကို power point ဖြင့်ပို့ချခဲ့ပါသည်။ သာသနာအလိုက်ဒါရိုက်တာများမှ Justice and Peace ရုံးများ၏ လှုပ်ရှားနေမှုများကို တင်ပြဆွေးနွေးသွားပါသည်။ ထိုသို့တင်ပြသွားသော သာသနာများမှာ မြစ်ကြီးနား၊ ဗန်းမော်၊ မော်လမြိုင်တို့ဖြစ်သည်။ ထို့နောက်ပြင်ပပညာရှင်ဖြစ်သောMr.Benedict Rogers (CSW)မှ freedom of regulion (ဘာသာရေးလွတ်လပ်ခွင့်) အကြောင်းကို ပို့ချ ဆွေးနွေးသွားခဲ့ပါသည်။ သာသနာအလိုက် justice and peace ရုံးများသည် မိမိတို့သာသနာအလိုက် လုပ်ဆောင်နေသောလုပ်ငန်းများနှင့် မဟာဗျူဟာစီမံကိန်းများကို ဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးရာတွင် မိမိတို့သာသနာအလိုက် ရင်ဆိုင်နေသောအခက်အခဲနှင့် ဖြစ်ပျက်နေသော နိုင်ငံရေးအရ စိန်ခေါ်မှုများကိုလည်းထည့်သွင်းဆွေးနွေးသွားပါသည်။

ဒုတိယနေ့တွင် Fr.Amal Raj S. J. မှ တိုင်းရင်းသားများ၏ ဝိသေသလက္ခဏာများနှင့် ထုံးတမ်းစဉ်လာကျင့်သုံးမှုများကို ပို့ချဆွေးနွေးသွားခဲ့ပါသည်။ ဌာနီနေတိုင်း



ရင်းသားများ၏အခွင့်အရေးများကိုကက်သလစ်များ၏လူမှုရေး ရည်မှန်းချက်များကို ပို့ချဆွေးနွေးသွားပါသည်။ ဌာနီနေတိုင်းရင်းသားများ၏ အခွင့်အရေးအကြောင်းကို point အဖွဲ့၏ဒါရိုက်တာဖြစ်သော ဆရာမဒေါ်နော်အိအိမင်းက ပို့ချဆွေးနွေးသွားပါသည်။ ဌာနီနေတိုင်းရင်းသားများ၏ အခွင့်အရေး၊ point အဖွဲ့လုပ်ငန်းစဉ်နှင့် justice and peace အဖွဲ့တို့ကရှေ့လုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုပြောပြဆွေးနွေး သွားပါသည်။ထို့နောက် Fr.Soosay မှ ပုပ်ရဟန်မင်းကြီး၏ စာချွန်တော်အကြောင်းနှင့် လက်တွေ့ဘဝတွင် ရင်ဆိုင်နေရသော အဖြစ်အပျက်များကိုပို့ချဆွေးနွေးသွားပါသည်။ ပုပ်ရဟန်းမင်းကြီး၏စာချွန်တော်တွင် ပါဝင်သောအရာများမှ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန်၊ ဆင်းရဲသားများ၏အကျိုးကို ကာကွယ်စောင့်ရှောက်ရန်နှင့် လူတို့၏ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန်တို့ဖြစ်သည်။ နောက်ဆုံး အစီအစဉ်အနေဖြင့် Fr. Amal မှ အုပ်စုလိုက် ဆွေးနွေးခြင်းများ ပြုလုပ်သွားပါသည်။ အုပ်စုဆွေးနွေးရာတွင် JP၏လုပ်ငန်းစဉ်များကို မည်ကဲ့သို့ပြုလုပ်ရန်နှင့် ဌာနီနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို မြှင့်တင်ရန်အတွက် မည်သို့လုပ်ဆောင်သင့်ကြောင်း အုပ်စု(၂)စုခွဲပြီး ဆွေးနွေးသွားပါသည်။ အုပ်စုအလိုက်ဆွေးနွေးပြီး ပြန်လည်တင်ပြခြင်း အစီအစဉ်များကိုပြုလုပ်ကာ အချင်းချင်းပြန်လည်မေးမြန်းခြင်းများပြုလုပ်ခဲ့ပါသည်။

**(JP-Commission)**

# CBCM- PMSဒါရိုက်တာနှင့်အဖွဲ့ တောင်ငူဂိုဏ်းအုပ်သာသနာသို့သွားရောက်

**CBCM-COMMISSION**



CBCM-PMS(ရဟန်းမင်းကြီးဆိုင်ရာသာသနာပြုအသင်း) ရုံးဒါရိုက်တာနှင့် အဖွဲ့သည် တောင်ငူဂိုဏ်းအုပ်သာသနာ၊ သာသနာလုံးဆိုင်ရာPMSဒါရိုက်တာ၏ဖိတ်ကြားချက်အရနိုဝင်ဘာလ (၅)ရက်နေ့တွင် တောင်ငူကက်သလစ်သာသနာသို့ ရောက်ရှိခဲ့ကြသည်။ နိုဝင်ဘာလ(၆) နေ့တွင် တောင်ငူသာသနာ၏ Mission Boardအဖွဲ့နှင့်တွေ့ဆုံခြင်းအစီအစဉ်ကို နံနက်(၉)နာရီတွင် ဂိုဏ်းအုပ်ဆရာတော်ကြီး အိုင်ဇက်ဒါန၏ အဖွင့်ဩဝါဒဖြင့်စတင်ခဲ့ပါသည်။ထို့နောက် တစ်နိုင်ငံလုံးဆိုင်ရာ ဒါရိုက်တာ ဖာသာရ်နဲနယ်က သာသနာပြုအသင်းများ၏ သာသနာလုံးဆိုင်ရာဒါရိုက်တာ( Dioceseon Director အားရွေးချယ်ခန့်အပ်ခြင်း၊ ၎င်း၏ တာဝန်များနှင့် ရှိအပ်သောအရည်အချင်းများအကြောင်း Powerpoint ဖြင့်တင်ပြဝေငှပေးခဲ့ပါသည်။ ခေတ္တ အားလပ်ချိန်ပြီးနောက်တွင် CBCM- PMSရုံးအကူနှင့် ရန်ကုန်သာသနာပြု ကလေးသူငယ်များအသင်း၏ ဥက္ကဋ္ဌဖြစ်သူဒေါ်အီဇဘယ်လာပြုံးပြုံးအောင်က ရဟန်းမင်းကြီးဆိုင်ရာသာသနာပြုအသင်း (၄)သင်း အကြောင်းကိုလည်းကောင်း၊ ရန်ကုန်ဂိုဏ်းအုပ်သာသနာ၌သာသနာပြု ကလေးသူငယ်များ၏ လှုပ်ရှားမှုပုံရိပ်များကိုလည်းကောင်း၊ Power Pointဖြင့် ဆက်လက်ဝေမျှပေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသော အကြောင်းအရာများအား မေးမြန်းခြင်းမှတ်ချက်ပြုပေးခြင်းများနှင့် ဆွေးနွေးခြင်းများကိုလည်း အချိန်ပေးလုပ်ဆောင်ခဲ့ပါသည်။

ဤအစီအစဉ်သို့ တောင်ငူဂိုဏ်းအုပ်ဆရာတော်ကြီးနှင့်တကွ ဘုန်းတော်ကြီး(၂)ပါး၊ သီလရှင် လေးပါးနှင့် သာမာန်ယုံကြည်သူ (၄)ဦးတို့တက်ရောက် ဆွေးနွေးခြင်းပြုခဲ့ပါသည်။ **CBCM-PMS**

# မယ်တော်ဂူသစ်ဖွင့်ပွဲနှင့်ကောင်းချီးမင်္ဂလာပေးခြင်း

ရန်ကုန်။ ၃၀၊၁၀၊၂၀၁၆

အောက်တိုဘာလ(၃၀) ရက်နေ့၊ တနင်္ဂနွေနေ့ နံနက်အချိန်၌ ရန်ကုန်ဂိုဏ်းချုပ်သာသနာ၊ စိန်ဂျဲမာသာသနာ (ရွှေပြည်သာ)မြို့နယ်တွင် ငြိမ်းချမ်းခြင်း၏မယ်တော်သခင်မအမည်နာမဖြင့် မယ်တော်ဂူအသစ်ဖွင့်ပွဲအခမ်းအနား တစ်ခုကို ရွှေပြည်သာကျောင်းထိုင်ဘုန်းတော်ကြီး ဖာသာရ်ဂျော့ဖေမန်က ကောင်းကြီးပေး ဖွင့်လှစ်ပေးခဲ့သည်။ ထိုအစီအစဉ်ကို အဖွင့်မယ်တော်သီချင်းတစ်ပုဒ်ဖြင့် စတင်ကာမယ်တော်ဂူဆောက်လုပ်ရခြင်း၏ လိုအပ်ချက်၊ ရည်ရွယ်ချက်နှင့် မယ်တော်အိမ်တော်ပုံစံ၏ အနက်အဓိပ္ပါယ်တို့ကိုယုံကြည်သူဘာသာသူများတို့အား အကျယ်တဝင့် ရှင်းလင်းပြောပြသွားခဲ့သည်။ အာဖာရ်နှင့် အိုမီကာပုံဖော်ထားသော မယ်တော်သခင်မ၏ အိမ်တော်ပုံစံ၏ အဓိပ္ပါယ်ကိုဖွင့်ဆိုရာ၌ ထိုသို့ပြုလုပ်ရခြင်းမှာ မယ်တော်သည် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းသမိုင်းတွင် အစမှ အဆုံးတိုင် ကူညီပေးသူဖြစ်ကြောင်း၊ အရွယ် တူကြယ်ဖြူ(၁၄)လုံးမှာ မြန်မာနိုင်ငံရှိပြည်နယ်နှင့် တိုင်း(၁၄)ခုအား ရည်ရွယ်ခြင်း ဖြစ်ကြောင်း ထိုပြည်နယ်နှင့်တိုင်း(၁၄)ခု လုံးကို ငြိမ်းချမ်းခြင်း၏ မိခင်မယ်တော်ထံ အပ်နှံထားခြင်းကို ဆိုလိုခြင်းဖြစ်ကြောင်း လူငယ်တစ်ဦးမှ ရှင်းလင်း ပြောပြသွားခဲ့ သည်။ ထိုကဲ့သို့ မယ်တော်ဂူလေးတစ်ခုရရှိရန်အတွက် ယင်းတိုက်နယ်ရှိ ယုံကြည်သူဘုရား သားသမီးများသည် မိမိတို့တတ်နိုင်သည့်ဘက်မှ အတူတကွ စွမ်းစွမ်းတမံကြိုးစားပါဝင်ခဲ့ကြရကြောင်းသိရှိရသည်။

(CBCM-OSC)



# လူငယ်များဝတ်စောင့်ခြင်းနှင့် Taize Praise and Worship

ရန်ကုန်။၅၊၁၁၊၂၀၁၆

၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ(၅) ရက် (တနင်္ဂနွေနေ့)၌ ရန်ကုန်သာသနာ၊ တောင်ဒဂုံမြို့နယ်ရှိ HOLY INNOCENCE CHURCH (HIC) အပြစ်ကင်းသောကလေးများဘုရားကျောင်းတော်တွင် ဘုရားသခင်၏ သနားကြင်နာခြင်းနှစ် နောက်ဆုံးလအတွက် ရန်ကုန်ဂိုဏ်းချုပ်သာသနာမှ ကြီးမှူးပြုလုပ်သော လစဉ်လူငယ်ဝတ်စောင့်ခြင်း အစီအစဉ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာကက်သလစ် လူငယ်ကော်မရှင်(NCYC)မှ လူငယ်အမှုဆောင်များ၊ ကက်သလစ် လုပ်သားလူငယ်များအပါအဝင် သာသနာအသီးသီးမှ လူငယ်များစုစုပေါင်း (၈၀)ဦးတက်ရောက် ပါဝင်ခဲ့ကြပါသည်။ ဤဝတ်စောင့်ခြင်း အစီအစဉ် နံနက်ပိုင်းတွင်လူငယ်ဥက္ကဋ္ဌ မောင်ပီတာလထွယ်မှ ၂၀၁၆ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူငယ်ကော်မရှင်မှ လုပ်ဆောင်ခဲ့



သော လုပ်ရှားမှုများ၊ လုပ်ဆောင်လျက်ရှိသော၊ ရှေ့ဆက်လုပ်ဆောင်သွားမည့်လုပ်ငန်းစဉ်များကို ပြောကြားခဲ့ပြီး လူငယ်တာဝန်ခံဘုန်းတော်ကြီး ဖာသာရ် ဂျိုးဇက်အယ်ကော်ထူးမှ “လူငယ်နှင့်အနာဂတ်” ခေါင်းစဉ်ဖြင့် သင်တန်းပို့ချခဲ့ပါသည်။ သင်တန်းပို့ချမှုအပြီးတွင် “Listening The Voice of Today Youth” ခေါင်းစဉ်ဖြင့် တက်ရောက်ပါဝင်ခဲ့ကြသောလူငယ်များထံမှ ရင်ဖွင့်ပြောဆိုချက်များကို မှတ်တမ်းကောက်ယူရရှိခဲ့ပြီး “လူငယ်တွေဆိုတာ” သီချင်းဖြင့် နံနက်ပိုင်းအစီအစဉ်ကို အဆုံးသတ်ခဲ့သည်။ ဆက်လက်ပြီး နေ့လည်ပိုင်းအစီအစဉ်တွင် Taize Praise and Worship ဆုတောင်းခြင်း အစီအစဉ်ကို ပြင်သစ်ပြည်တေဇေရွာမှ အတွေ့အကြုံရယူလာခဲ့သောရန်ကုန်ဂိုဏ်းချုပ်သာသနာမှ ကိုပီတာ ထက်အောင်လင်းမှ ဦးဆောင်ပြီး ရန်ကုန်သာသနာ လူငယ်တာဝန်ခံဘုန်းတော်ကြီး ဖာသာရ် ဂျိမ်းတင်မောင်ထွေး မှ “လူငယ်များအတွက် ဘုရားသခင်၏သနားကြင်နာခြင်းဆိုင်ရာ” အကြောင်းအရာများကို ဟောပြောပို့ချခြင်းနှင့်အာပတ်ဖြေခြင်းတို့ကို ပြုလုပ်ပေးခဲ့ပါသည်။

ဤလစဉ် လူငယ်ဝတ်စောင့်ခြင်း အစီအစဉ်တွင် NCYCမှလူငယ်အမှုဆောင်များ၊ ရန်ကုန် သာသနာ လူငယ်အမှုဆောင်များ၊ ရန်ကုန် သာသနာရှိ PARISH အသီးသီးမှ လူငယ် မောင်မယ်များ၊ NCYC မှ ENGLISH & COMPUTER သင်တန်းတက်ရောက်နေသော သာသနာ အသီးသီးမှ လူငယ်များ ပါဝင်တက် ရောက်ခဲ့ကြသည်။

A.Y.A and CBCM-Youth commission

# လူငယ်ခေါင်းဆောင်များသင်တန်းနှင့်အစည်းအဝေး

လားရှိုးသာသနာ။၃-၇၊၁၀၊၂၀၁၆

သာသနာလုံးဆိုင်ရာ လူငယ်ခေါင်းဆောင်များ၏သင်တန်းကို နိုဝင်ဘာ (၃) မှ (၇) ရက်နေ့အထိ လားရှိုးမြို့၊ ရပ်ကွက်(၂)၊ ယေရှုးရွှေနှလုံးတော်ဘုရားကျောင်း၊ စိန်ပီတာခန်းမတွင်ပြုလုပ်ကျင်းပခဲ့ပါသည်။ ထိုသင်တန်းသို့ လားရှိုးသာသနာ၊ တိုက်နယ်အသီးသီးမှ လူငယ်ခေါင်ဆောင်များ(၅၁)ဦးပါဝင်ခဲ့ကြပါသည်။ ရဲမှူးကြီးဦးသိန်းအောင်မှ မူးယစ်ဆေးဝါးနှင့် ပတ်သက်သောဆိုးကျိုးအန္တရာယ်များအကြောင်း၊ရဲမှူးကြီးမိုးညွန့်မှလူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးခြင်းအကြောင်း၊Columban Sister Aswena မှ လူတစ်ဦး၏ အသက်အရွယ်အလိုက် ခန္ဓာပိုင်း၊ ဦးနှောက်/စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် ပတ်သက်သောအကြောင်း၊ ဖာသာရ်ခစ္စတိုဖာမှ ကက်သလစ်လူမှုရေးဆိုင်ရာသွန်သင်ချက်နှင့် လားရှိုးသာသနာလူငယ်များ၏ လေးနှစ်တာပြုလုပ်သွားမည့်စီမံကိန်ရေးဆွဲခြင်းကိုလည်းကောင်း အသီးသီးပို့ချပေးခဲ့ပါသည်။ သင်တန်းရက်များတွင် နံနက် (၀၈ း ၃၀) မှ ညနေ (၀၄ း ၀၀) နာရီထိ သင်တန်းပို့ချခြင်းများပြုလုပ်ပြီး၊ ညပိုင်း (၀၇ း ၀၀) နာရီ မှ(၁၀း၀၀) နာရီအထိ အစည်းအဝေးနှင့်ရှေ့လုပ် ငန်းစဉ်များဆွေးနွေးခဲ့ကြပါသည်။ ဆရာတော်ကြီး၏ခွင့်ပြုချက်ရရှိပါက လာမည့်ဒီဇင်ဘာ(၂၄) မှ (၃၁) ရက်နေ့အထိ ရှမ်းပြည်မြောက်ပိုင်းရှိ ဒုက္ခသည်စစ်ရှောင်စခန်းများတွင်နေထိုင်သော ညီအစ်ကိုမောင်နမများထံသို့



လားရှိုးသာသနာကိုယ်စားပြုပြီး တာဝန်ရှိလူကြီးများနှင့်အတူ လူငယ်များမှဦးဆောင်ကာ သနားခြင်းဂျူဘီလီအထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ကယ်တင်ရှင်သခင်ခရစ်တော် မွေးဖွားခြင်းသတင်းကောင်းဖြန့်ဝေခြင်းအနေဖြင့်လည်း IDP မိသားစုတစ်ခုချင်းစီအား လက်ဆောင်ပေးခြင်း၊ စတိတ်ရှိုးနှင့် အကပဒေသာများဖြင့်ဖျော်ဖြေခြင်း၊ သွားရောက်ကြည့်ရှု အားပေးခြင်းများပြုလုပ်ရန် တိုက်နယ်သီးသီးမှ ခေါင်းဆောင်များအားလုံး သဘောတူဆုံးဖြတ်ခဲ့ကြကြောင်း သိရှိရပါသည်။ **Lso - osc**

# ဆရာတော်နှင့်ဘုန်းတော်ကြီးများနှစ်ပတ်လည်ဝတ်စောင့်ခြင်း

**ဖယ်ခုံ။ ၁၈-၂၂၊၁၀၊၂၀၁၆**

ဖယ်ခုံကက်သလစ်ဂိုဏ်းအုပ်သာသနာအတွင်း အမှုတော်ဆောင်အစေခံနေသော ဆရာတော်နှင့်ရဟန်းဘုန်းတော်ကြီးများ နှစ်ပတ်လည်ဝတ်စောင့်ခြင်းကို ၁၈-၂၂၊၁၀၊၂၀၁၆ ရက်နေ့ထိ ဝတ်စောင့်ခြင်းကိုဖယ်ခုံကက်သလစ်ဂိုဏ်းအုပ်ဆရာတော်ကျောင်းတိုက်တွင်ပြုလုပ်ခဲ့ပါသည်။ ဝတ်စောင့်ခြင်းအဖွင့်ညမစတင်မီတွင် ဆရာတော်ကြီးပီတာလတ်မှ ကြိုဆိုနှုတ်ဆက်စကားမြွက်ကြားရာတွင် "အခက်အခဲများကြားမှကြွရောက်လာကြသော Preacher နှင့်တကွ သာသနာအတွင်းရှိ ရဟန်းများအားလုံးကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ကြိုဆိုကြောင်းနှင့် မြန်မာတစ်နိုင်ငံလုံးငြိမ်းချမ်းရေးအတွက် အတူတကွဆုတောင်းခြင်း၊ မြိုးမြိုအစာရှောင်ခြင်းနှင့် မိမိကိုယ်ကိုယ်ပြန်လည်ဆန်းစစ်မှုများပြုလုပ်ကြပါရန်" တိုက်တွန်းခဲ့ပါသည်။ ဆက်လက်ပြီးဝိညာဉ်တော်ဘုရားကို ဖိတ်ခေါ်လျှက် Transformation ဟူသော ဆောင်ပုဒ်ဖြင့် ဝတ်စောင့်ခြင်းကိုဆက်လက်ပြုလုပ်ခဲ့ကြပါသည်။ ထိုဝတ်စောင့်ခြင်းကို အီတလီနိုင်ငံ PIME သာသနာပြုအသင်းဂိုဏ်း Fr. Enrico Fidanza မှ ကျမ်းစာတော်မြတ်ကိုအခြေခံ၍ လက်တွေ့ဘဝအတွက် ဆန်းစစ်ချက်မြောက်များစွာဝေမျှသွားခဲ့ပါသည်။ ဝတ်စောင့်ပွဲသို့ တက်ရောက်သော Fr.Victor Zan Htoo က "ကျမ်းစာကို ဒီလောက်ပိုင်တဲ့ ရဟန်းကို ငါ့ဘဝမှာတစ်ခါမှမတွေ့ဖူးဘူး"ဟု ပြောသွားခဲ့သည်။ ဝတ်စောင့်ခြင်းအပြီး ၂၃၊၁၀၊၂၀၁၆ ရက် တနင်္ဂနွေနေ့ နံနက်(၇း၁၀)နာရီအချိန်တွင် ရွှေနှလုံးတော်ဗဟိုဘုရားကျောင်းဝန်းအတွင်းရှိ စတိတ်စင်ပေါ်တွင် လူနာဆီ၊ ဆေးကြောခြင်းဆီနှင့် ခရစ်မားဆီကောင်းချီးပေးခြင်းနှင့် ရဟန်းတော်များမှ ကတိသစ္စာပြန်လည်ရွတ်ဆိုခြင်း မဏ္ဍာတရားတော်မြတ်ကို ပူဇော်ခဲ့ပါသည်။ ထိုမဏ္ဍာတရားတော်တွင် အဖဆရာတော်ဘုရားမှ "ရဟန်းသည် ကျွန်ုပ်တို့လူသားကယ်တင်ခြင်းအတွက် စက္ကရမင်တူးများကို ပြုလုပ်ပေးသောဘုရား၏ကိုယ်စားလှယ်တော်ဖြစ်သည်။ သို့သော်ရဟန်းတို့သည် လူသားထဲကလူသားဖြစ်သည့်အတွက် အားနည်းတတ်၊ လမ်းလွှဲတတ်သည်။ ထို့ကြောင့်ဘာသာတူများ၏ အားပေးနစ်သိမ့်မှု၊ ဆုတောင်းပေးမှုများကို အထူးလိုအပ်ပေသည်" ဟုသူ၏ တရားဒေသနာတွင်မိန့်မြွက်တော်မူခဲ့သည်။ ထိုဝတ်စောင့်ခြင်းပွဲတွင် ဖယ်ခုံသာသနာအတွင်းရှိ ဆရာတော်ကြီးပီတာလတ်နှင့်အတူ ရဟန်း(၄၂)ပါးတို့မှ တက်ရောက်ခဲ့ကြပါသည်။ Pekhon-Osc



# အမှတ်စဉ်(၃)မူးယစ်ဖျက်သင်တန်း

**မြစ်ကြီးနားသာသနာ**



မြစ်ကြီးနား ကက်သလစ်သာသနာတော်မှမြစ်ကြီးနားမြို့ ကြက်ပေါင်ခြံရပ်ကွက်၌ဖွင့်လှစ်ထားသည့် ဘဝသစ်ပြန်လည်ထူထောင်ရေးဂေဟာ (မူးယစ်တိုက်ဖျက်ရေးဂေဟာ) တွင် အမှတ်စဉ် (၃) သင်တန်းဆင်းပွဲကိုအောက်တိုဘာလ (၂၉) ရက်နေ့၊ နံနက် (၈) နာရီတွင် စတင်ကျင်းပခဲ့သည်။ အဆိုပါ သင်တန်းဆင်းပွဲကိုလွန်ခဲ့သည့် (၂) နှစ်မှ ဆောက်လုပ်ခဲ့သည့် ဘုရားကျောင်းဖွင့်ပွဲ မဏ္ဍာတရားတော်မြတ်နှင့်အတူ ကျင်းပခဲ့ပြီး ဂိုဏ်းအုပ်ဆရာတော်ကြီး ဖရန်စစ်ဒေါ့တန်၊ ဘုန်းတော်ကြီး အူလောနော်အောင်၊ ဘုန်းတော်ကြီးပီတာမလန်နောင်မော်နှင့် ဦးပဋ္ဌင်းကြီးနော်လောဒ်တို့ ပါဝင်တက်ရောက်သည်။ သင်တန်းဆင်းပွဲသီးသန့်အစီအစဉ် နံနက် (၁၀) နာရီမှ စတင်ပြုလုပ်ပြီး ၎င်းအစီအစဉ်တွင် သင်တန်းဆင်းလူငယ် (၃၃) ဦးမှကျေးဇူးတင်သီချင်းသီဆိုခြင်း၊ သင်တန်းသား(၃)ဦးမှသက်သေခံခြင်း၊ Action သီချင်းဖြင့် ကပြဖျော်ဖြေခြင်းနှင့် ဆရာတော်ကြီးမှ သင်တန်းဆင်းဂုဏ်ပြုလက်ဆောင်များချီးမြှင့်ခြင်းများကိုပြုလုပ်ခဲ့ကြသည်။

သင်တန်းဆင်းလူငယ် အများစုမှာ ကက်သလစ်ဘာသာဝင်များဖြစ်ပြီး နှစ်ခြင်းအသင်းတော်မှ လူငယ် (၃) ဦးပါဝင်ကြောင်း သိရသည်။ **ဂျွန်ဆိုင်းလတ်အောင်**

# ငြိမ်းချမ်းရေးအတွက်မယ်တော်၌ဆုတောင်း

မြစ်ကြီးနားနှင့် စီတာပူဘုန်းတော်ကြီးတစ်ပိုင်မှ ဓမ္မဆရာ/ ဆရာမသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် စစ်မက်များအမြန်ဆုံး ပြီးဆုံးနိုင်ပြီး ငြိမ်းချမ်းရေးကိုအမြန်ရရှိရန် ရည်ရွယ်ချက်ဖြင့် အောက်တိုဘာလ(၂၈) ရက်နေ့၌မြစ်ကြီးနားနှင့် စီတာပူဘုန်းတော်ကြီးတစ်ပိုင်မှ ဓမ္မဆရာ/ ဆရာမများ၏ ဝတ်စောင့်ခြင်း နောက်ဆုံးနေ့တွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် မြစ်ကြီးနားနှင့် စီတာပူဘုန်းတော်ကြီးတပိုင်ဓမ္မဆရာ/ ဆရာမများ၏စုပေါင်းဝတ်စောင့်ခြင်းကို အောက်တိုဘာလ (၂၄) ရက်နေ့ (ညှော့သည် ရောက်ရှိခြင်း) မှ (၂၉)ရက်နေ့ထိ(၆)ရက်တိုင် တန်ဖရဲ(မြစ်ဆုံ)



ကျေးရွာရှိကောင်းကင်သခင်မ ဘုရားကျောင်း၌မြစ်ကြီးနား ဘုန်းတော်ကြီးတစ်ပိုင်မှ ဓမ္မဆရာ/ မများ (၄၉) ယောက်နှင့် စီတာပူဘုန်းတော်ကြီးတစ်ပိုင်မှ ဓမ္မဆရာ/ မများ(၂၅) ယောက်တက်ရောက်ခဲ့ကြကြောင်းသိရသည်။ "ဒီဝတ်စောင့်ခြင်းမှာ ဘုန်းတော်ကြီးမောရစ်မှ ဓမ္မဟောင်းကျမ်းမှ ပရောဖက်အငယ် (၁၂) ပါးအကြောင်းနှင့် ကိုယ်တော်မြတ်အကြောင်းများကိုအဓိကဟောပြောခဲ့တယ်၊ ဒီလိုလုပ်ခြင်းဟာဓမ္မဆရာများအတွက် အရမ်းအကျိုးရှိတယ်။ဘာကြောင့်လဲဆိုတော့ ဒီဓမ္မဟောင်းကျမ်းအကြောင်းကိုအခုလို အကျယ်တစ်ဝန်းသိရှိခဲ့လို့ပဲ" ဟု ဆက်ကပ်ဓမ္မ ဆရာတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ စုပေါင်းဝတ်စောင့်ခြင်း၌ ဘုန်းတော်ကြီး မောရစ်ညွှန့်ဝေ (စီဘီစီအမ်-ရန်ကုန်)နှင့် တန်ဖရဲ တာဝန်ခံ ဘုန်းတော်ကြီးစတီဖင်ဆွတ်မာဆွတ်အောင်တို့မှ တရားဒေသနာ တိုက်ကြွေးခဲ့ကြောင်း သိရသည်။

ထူးခြားအစီအစဉ်အဖြစ်မေခ-မေလိခကြားရှိ ငြိမ်းချမ်းခြင်း မယ်တော်သခင်မထံ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် ရည်စူးကာဆုတောင်းခြင်းများနှင့် "ငြိမ်းချမ်းခြင်း၏မယ်တော်-ဆုတောင်းပြည့် ဘုရားဖူးနေရာ" ဆိုင်းဘုတ်စိုက်ထူခြင်းများ ပြုလုပ်ခဲ့ကြသည်။

**ဂျွန်ဆိုင်းလတ်အောင်**

# သက်ထွေးဘုရားစကားသင်တန်းနှင့် စိန့်ဗင်းဆင်းအသင်း ဂို(၃)ဂိုတွေ့ဆုံ

ပုသိမ်သာသနာ



ပုသိမ်ဂိုဏ်းအုပ်သာသနာပိုင် မဒေါ့ကုန်းကျေးရွာ ၊စိန့်ဂျိုးဇက်ဘုရားကျောင်းတွင် သက်ထွေးဘုရားစကားသင်တန်းကို ၁၇၊၁၀၊၂၀၁၆ မှ ၁၉၊၁၀၊၂၀၁၆ နေ့အထိ ပို့ချခဲ့ပါသည်။ ၁၇၊၁၀၊၂၀၁၆ နံနက်(၉)နာရီတွင် ဘုန်းတော်ကြီးဘော်နာဗင်းချားက အဖွင့်ဆုတောင်းမေတ္တာဖြင့် သင်တန်းစတင်ပေးခဲ့ပြီး ဩဝါဒမြွက်ကြားသွားပါသည်။ အဆိုပါသင်တန်းကို ဓမ္မဆရာဦးပီတယ်၊ ဓမ္မဆရာမ ဒေါ်စီစီတို့မှ ပို့ချခဲ့ပါသည်။သင်တန်းသို့ မဒေါ့ကုန်းသာသနာပိုင်မှ ကလေးလူငယ်စုစုပေါင်း (၉၀)ဦးတက်ရောက်ခဲ့ကြသည်။

ထို့အတူ ပုသိမ်မြို့စိန့်ဗင်းဆင်းစည်းဝေးခန်းမ၌ ၂၀၊၁၀၊၂၀၁၆ နေ့ညနေ(၅)နာရီတွင် ပုသိမ်ဖုံဥက္ကဋ္ဌ၊ဟသ်ာတဖုံဥက္ကဋ္ဌ၊ မြောင်းမြဖုံဥက္ကဋ္ဌတို့ တွေ့ဆုံကြပါသည်။တွေ့ဆုံပွဲကို အဖွင့်ဆုတောင်းမေတ္တာဖြင့်စတင်ခဲ့ပြီး ပုသိမ်ဖုံဥက္ကဋ္ဌ ဦးအောင်သူရမှ အမှာစကားပြောကြားသွားပါသည်။ ဆက်လက်ပြီး မြောင်းမြနှင့် ဟသ်ာတဖုံဥက္ကဋ္ဌတို့ကလည်း မိမိတို့သာသနာမှ စိန့်ဗင်းဆင်းအဖွဲ့များနှင့် ပတ်သက်၍ အားသာချက် အားနည်းချက်တို့ကို တင်ပြခဲ့ကြပါသည်။ ညနေ(၆)နာရီတွင် အပိတ်မေတ္တာဖြင့်အဆုံးသတ်ခဲ့ကြပါသည်။ **နန့်ဂျူလိုင်အေး(ပုသိမ်)**

# သေလွန်သူများအတွက်အထူးသတိရဆုတောင်းပွဲတော်



ကနစိုးကုန်းသာသနာတွင် နိုဝင်ဘာလ (၂) ရက်နေ့ သင်္ချိုင်းမီးထွန်းပွဲ" ပုသိမ်ဂိုဏ်းအုပ်သာသနာပိုင် ကနစိုးကုန်းသာသနာတွင်နိုဝင်ဘာလ(၂)ရက်နေ့ရောက်တိုင်း သေလွန်သောသူတို့၏ ဝိညာဉ်များအတွက် နှစ်စဉ်နှစ်တိုင်း မစ္ဆားတရားအားဖြင့် ဆုတောင်းပေးခဲ့ပါသည်။ ဤနှစ်တွင် ထူးခြားမှုအနေဖြင့် ရန်ကုန်ဂိုဏ်းချုပ်သာသနာမှ Cardinal Charles Bo ကြွရောက်ပြီးသေလွန်ကုန်သောသူတို့၏ ဝိညာဉ်များအတွက် မစ္ဆားတရားတော်မြတ်တွင် ပါဝင်ဦးဆောင်ပြီး ပူဇော်ပေးခဲ့ပါသည်။ Cardinal Charles Bo သည် ကနစိုးကုန်းသာသနာကို လွန်ခဲ့သော ၂၀၀၈ နာဂစ်ဖြစ်ချိန်တွင် တစ်ကြိမ်ကြွရောက်ပြီး ယခု Cardinal ဖြစ်ချိန်တွင် ပထမဦးစွာကြွရောက်ခဲ့ပါသည်။ ထို့အပြင်လွန်ခဲ့သော လအနည်းငယ်မှ ပျံလွန်တော်မူသော Bishop Gabriel မန်းသိုပောလ်၏ ဝိညာဉ်အတွက် ဆုတောင်းပေးလိုသောရည်ရွယ်ချက်ဖြင့် ကနစိုးကုန်းသာသနာကို ကြွရောက်လာခြင်းဖြစ်ပါသည်။ ဤသေလွန်ကုန်သောသူတို့၏ ဝိညာဉ်အတွက် ဆုတောင်းပေးသောပွဲတော် အကြိုည နိုဝင်ဘာလ(၁)ရက်နေ့ညနေပိုင်းတွင် ၇:၃၀ ၌သင်္ချိုင်းတွင် စိပ်ပုတီးစိပ်ခြင်း ၊ တရားဒေသနာဟောကြားခြင်းနှင့်အတူ အာပတ်ဖြေခြင်းအစီအစဉ်များ ပြုလုပ်ခဲ့ပါသည်။ Pathein OSC

# မိခင်အသင်းဘက်စုံဖွံ့ဖြိုးရေးသင်တန်း

ဗန်းမော်သာသနာ



ဗန်းမော်ဂိုဏ်းအုပ်သာသနာ မန်စီဘုန်းတော်ကြီးတစ်ပိုင်တွင် စက်တင်ဘာ(၃၀)မှ အောက်တိုဘာလ(၁)ရက်နေ့အထိ တိုက်နယ်တစ်ခုလုံးရှိ မိခင်များ၏ ဘက်စုံဖွံ့ဖြိုးရေးသင်တန်းပြုလုပ်ခဲ့ပါသည်။ သင်တန်းတွင် စစ္စတာရ်ကြီးလခန်ဘောက်ဂျန်မှ သမ္မာကျမ်းစာနှင့် ဝိညာဉ်ရေး၊ ဆရာမမာတားနှင့်ဆရာမအင်ဖွေခေါန်ဂျာမှမိသားစုနှင့် အိမ်ထောင်ရေး၊ ပညာရေး၊ လူမှုဆက်ဆံရေး၊ အလှူငွေအကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးစသည်တို့ကိုပို့ချပေးခဲ့ပါသည်။ သင်တန်းဆင်းပွဲတွင် ကျောင်းထိုင်ဖာသာရ် လဂွမ်းထူးလွမ်မှ အားပေးစကားပြောကြားရင်းသင်တန်းကို အောင်မြင်စွာအဆုံးသတ်ခဲ့ပါသည်။ ထိုသင်တန်းသို့မန်စီတိုက်နယ်ရှိ မိခင်များ တစ်ရာကျော်တက်ရောက်ခဲ့ပါသည်။ **Tsalum(Banmaw-OSC)**

## မိခင်အဲန်နာအသင်းတစ်ရက်တာ ဝတ်စောင့်စည်းဝေးခြင်း

တောင်ကြီး။
၂၂၊၁၀၊၂၀၁၆



သနားကြင်နာခြင်းဂျူဘီလီနှစ်ကိုဂုဏ်ပြုခြင်းနှင့် ဤနှစ်အတွင်းကျေးဇူးအထူးခံစားရရန်အတွက် ရည်ရွယ်၍ တောင်ကြီးမိခင်နှင့် ဘုရားဖြူမိခင်အသင်းသူများ ပူးပေါင်းကာ တစ်ရက်တာဝတ်စောင့်ခြင်းကို ၂၂၊၁၀၊၂၀၁၆ စနေနေ့ နံနက်(၇)နာရီမှ ညနေ(၃)နာရီအထိ၊ ဘုရားဖြူတွင်ရှိ သနားကြင်နာခြင်းနှစ်အတွက် အမြဲတံခါးဖွင့်ထားသော ကရုဏာရှင်ယေဖူးဘုရားရှိခိုးကျောင်းတော်ကြီးတွင် ပြုလုပ်ခဲ့ပါသည်။ လူဦးရေအားဖြင့် မိခင်(၄၀)ဦး တက်ရောက်ကြပါသည်။ ဤရက်မြတ်မှာ အာပါတ်ဖြေခြင်း၊ မစ္ဆားနာယူပူဇော်ခြင်း၊တရားရေအေးတိုက်ကျွေးခြင်းကိုနာယူခြင်း၊ သွန်သင်ပို့ချချက်များနာယူသင်ယူခြင်း၊ တစ်နာရီကိုယ်တော်မြတ်ဝတ်ပြုကိုးကွယ်ခြင်း၊ ဒုက္ခစရိယာကားတိုင်လမ်းလှည့်ခြင်း၊ ကရုဏာရှင်ယေဖူးမေတ္တာနှင့် စိပ်ပုတီးစိပ်ခြင်း၊ ကိုယ်တော်မြတ်ကောင်းကြီး ခံယူခြင်း စသော ကောင်းမှု ကျေးဇူးတော်များကို ပြုလုပ်ခံယူခဲ့ကြပါသည်။ဝတ်စောင့်ပွဲတွင် အာပတ်ဖြေနားထောင်ပေးခြင်း၊ မစ္ဆားပူဇော်ခြင်း၊ တရားရေအေးတိုက်ကျွေးခြင်းကို Rev.Fr. Basilio Ban မှ ဆောင်ရွက်ပေးပြီး၊သွန်သင်ချက်များကို Sr.Alfonsa Agnese မှ လုပ်ဆောင်ပေးပါသည်။ညနေ (၃) နာရီတွင် ရဟန်းမင်းကြီး၏ ကောင်းကြီးမင်္ဂလာကိုခံယူကြကာ ကျေးဇူးတော်ပြည့်ဝစွာနှင့် ပျော်ရွှင်စွာဖြင့် မိမိတို့အိမ်သို့ပြန်ကြပါသည်။ ဤ နေ့ထူးနေ့မြတ်အတွက် ဘုရားသခင်အားအထူးကျေးဇူး ဥပကာယတင်ရှိပါသည်။ ဘုရားသခင်အား ဘုန်းတော်ဂုဏ်တော် အဆက်ဆက်ရှိပါစေသော်။ **Sr.Alfonsa Agnese, Sr.A.A**

# စိန့်ဂျွန်ပေါလ်(၂)ပွဲနေ့ကျင်းပ

ပုသိမ်သာသနာ




စိန့်ဂျွန်ပေါလ်(၂)၏ သာသာနာပြုသီလရှင်များ (ပုသိမ်)သည်အောက်တိုဘာလ (၂၂)တွင်ကျရောက်ခဲ့သော ရဟန္တာပွဲနေ့နှင့် အသင်းဂိုဏ်း၏ပွဲနေ့ကို စိန့်ဂျွန်ပေါလ်(၂)ကျေးလက်ဆေးပေးခန်း(ကံကြီးရွာ)မြောင်းမြတွင်စည်ကားစွာကျင်းပခဲ့သည်။ ထိုပွဲ တော်နေ့တွင် လူမမာများအား အခမဲ့ဆေးကုသပေးခဲ့ကြသည်။ ဘုရားသခင် ၂၏ သနားကရုဏာတော်ကိုဝေငှခဲ့ကြသည်။

ရဟန်းမင်းကြီးဒုတိယမြောက်ဂျွန်ပေါလ်၏ဈာပနကျင်းပခဲ့သည့် ၈၊၄၊၂၀၀၅ နေ့ တွင်ရောမမြို့တော်ရှိ စိန်ပီတာရင်ပြင် တွင်များပြားလှသောလူအုပ်ကြီးက Santo Subito (အခုချက်ခြင်း ရဟန္တာ(ဝါ) ရဟန္တာအမြန်)ဟု ကြွေးကြော်တောင်းခံခဲ့ကြသည်။

ထိုတောင်းခံချက်သည် ပရောဖက်နိမိတ်အလားပြည့်စုံခဲ့ သည်။ Pope John Paul II သည် ကိုးနှစ်ခန့်အတွင်း (၂၄၊၂၀၁၅-၂၇၊၄၊၂၀၁၄) အမိအသင်းတော်ကြီးက ရဟန္တာအဖြစ်တင်မြောက် နိုင်ခဲ့သည်။ စိန်အန်ထော်နီ(PADUA-၁၂၃၂) နောက်ပိုင်းယနေ့ထိ St John Paul II သာလျှင်နှစ်အနည်းငယ်အတွင်း ရဟန္တာအဖြစ်တင်မြောက်ခြင်းခံရသူဖြစ်သည်။

# အာရှနည်း အာရှဟန်ဖြင့် စုံလင်ပြည့်ဝသော သာသနာပြုခြင်းစနစ် (AsIPA Workshop)

မန္တလေး ။
၇-၁၂၊၁၁၊၂၀၁၆




မန္တလေး ကက်သလစ်သာသနာ လုံးဆိုင်ရာ အာရှနည်း အာရှဟန်ဖြင့် စုံလင်ပြည့်ဝသော သာသနာပြုခြင်းစနစ် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးကက်သလစ်ရိုဏ်းချုပ်သာသနာအတွင်း ချမ်းသာကုန်းကျေးရွာ စိပ်ပုတီး မယ်တော်သခင်မဘုရားကျောင်းတွင် နိုဝင်ဘာ (၇-၁၂) ထိ ကျင်းပပြုလုပ်ခဲ့ပါသည်။အလုပ်ရုံဆွေးနွေးပွဲသို့ဟားခါးသာသနာမှ ဆရာတော်ကြီး Lucius ဟယ်ရယ်ကုန်းနှင့် မန္တလေး၊လားရှိုး၊ မြစ်ကြီးနား၊ဟားခါမှ ဘုန်းတော်ကြီးများ၊သီလရှင်များနှင့် ဘာသာတူ စုစုပေါင်း (၉၀)ကျော်ပါဝင်တက်ရောက်ခဲ့ကြပါသည်။၇၊၁၁၊၂၀၁၆ ရက်နေ့ ညနေပိုင်းတွင် ဟားခါးသာသနာမှဆရာတော်ကြီး Luciusသည် သမ္မာကျမ်းစာပလ္လင်တင်ခြင်းနှင့်မတူအလုပ်ရုံဆွေးနွေးပွဲ အပ်နှံခြင်းနှင့် ဖွင့်ပွဲကို ဦးဆောင်ကာ ဩဝါဒပါ မြွက်ကြား ခဲ့သည်။ ထိုနောက် AsIPA Workshop ၏ အဓိက တာဝန်ခံ Fr.Peter Myo Aung မှ AsIPA ရည်ရွယ်ချက်(၃)မှာ ဘုရားသခင်၏ နှုတ်တော်ထွက်စကားသည်ခရစ်ယာန်အသက်တာနှင့်ခရစ်ယာန်အစုအဖွဲ့ငယ်များ စတင်ရှင်သန်ရာမူလပျိုးခင်းဖြစ်ကြောင်း သိရှိနားလည်ရန်၊ အသင်းတော်၏ရည်မှန်း ချက်ဖြစ်သော ယုံကြည်သူတိုင်း တက်ကြွစွာပါဝင်အသက်ရှင်သောအသင်းတော်ဖြစ်ရေးအတွက် ခရစ်ယာန် အဖွဲ့ငယ်များသည် လက်တွေ့အထောက်အကူပြုကြောင်း နားလည် သဘောပေါက်လာစေရန်နှင့် (၃) ဧဝံဂေလိသတင်းကောင်း ဝေမျှခြင်းဖြင့် ယုံကြည်သူ ခရစ်ယာန် အဖွဲ့ငယ်များ တစ်လုံးတစ်ဝတည်းရှိခြင်းကိုလည်းကောင်း၊ ခရစ်တော်ကိုလည်းကောင်းကိုယ်တိုင် တွေ့ကြုံခံစားလာကြစေရန် ပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး AsIPA အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုရီးယားနိုင်ငံမှ ဘီဘီယပ်နားမှလည်း သူမသည် လွန်ခဲ့သည့်နှစ်(၂၀)ကတည်းက ဒီ AsIPA Workshop ကိုလုပ်ဆောင်နေကြောင်း၊ ဒီသင်တန်းကာလမှာ အဖွဲ့အစည်းနဲ့နေခြင်း အသက်တာရဲ့အနှစ်သာရကို ခရစ်တော်၏နှုတ်တော်ထွက်စကားရဲ့ ခွန်အားနဲ့အားလုံး ခံစားရလိမ့်မယ်၊ တွေ့ကြုံရလိမ့်မယ်လို့ မျှော်လင့်ပါတယ်ဟု ပြောကြားခဲ့ပါသည်။

အဆိုပါ အာရှနည်း အာရှဟန်ဖြင့် စုံလင်ပြည့်ဝသော သာသနာပြုခြင်းစနစ် (ဧဝံဂေလိ သတင်း ကောင်းဝေမျှခြင်း) ကို ၁၉၉၀ အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပတဲ့ဆရာတော်ကြီးများ အစည်းအဝေးမှာ စတင်ပေါက်ဖွားလာပြီး ဆရာသမားဖြစ်တဲ့ ဘီဘီယပ်နားများနှင့် Cola တို့ အဖွဲ့ဟာ အာရှတစ်ခွင်မှာ သင်တန်းများပေးကာ အသက်သွင်းခဲ့ကြကြောင်း၊ မြန်မာပြည်တွင် အကြောင်းကြောင်းကြောင့် နှစ်ပေါင်း (၂၀)နီးပါး ရပ်တန့်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။ AsIPA Workshop သို့တက်ရောက်လာသော မန္တလေးကချင်မိသားစုမှ ဓမ္မဆရာ ကိုမိုက်ကယ်ဇော်စိုင်းမှ “ AsIPA ကိုပထမ တစ်ခါတတ်ဖူးတယ်။ အခုတစ်ခေါက်ကတော့ မြန်မာလိုသင်ကြားပေးတော့ ပိုနားလည်လာတယ်။ အဲ့ဒီအတွက် အကျိုးရှိမယ်လို့ ယုံကြည်တယ်။ အခုလက်ရှိကချင်မိသားစု ဆုတောင်းပွဲတွေမှာ ကျနော်ကပဲ ဦးဆောင်တာများတယ်။ ကျွန်တော်ခရီးသွားတဲ့အခါတွေကျမှသာ တခြားတစ်ယောက်က ဦးဆောင်ပေးတယ်။ ခုဒီ AsIPA သင်တန်းကိုတက်ဖြစ်တော့ ဒီကနေပြန်တဲ့ အခါမှာ မန္တလေးမှာရှိတဲ့ ကချင်မိသားစုရဲ့နီးစပ်ရာကို စုစည်းဖို့ အစီအစဉ်ရှိတယ်။ ဆုတောင်းခြင်း အစီအစဉ်တွေကိုလည်း တစ်ယောက်ထဲဦးဆောင်တာမဟုတ်ပဲ အားလုံးအတူတကွ ခွဲဝေလုပ်ဆောင်ခိုင်းဖို့ အစီအစဉ်ရှိပါတယ်” ဟု ဖြေကြားပေးခဲ့ပါသည်။ **Pinky (MDY Osc)**

## အကျဉ်းသားများ အလုပ်အကိုင်ရရှိစေရေးနှင့် သဘာဝဆိုးဆေး လက်ယက်ကန်း ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အကျဉ်းထောင်များ အတွင်း သင်တန်းပေးရန်စီစဉ်နေ

မြန်မာနိုင်ငံမှ အကျဉ်းသားများအလုပ်အကိုင်ရရှိစေရေးနှင့် သဘာဝဆိုးဆေး လက်ယက်ကန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အကျဉ်းဦးစီးဌာနနှင့် ပူးပေါင်းပြီး အကျဉ်းထောင်များတွင် ၂၀၁၇ ခုနှစ်တွင် သဘာဝဆိုးဆေး လက်ယက်ကန်းသင်တန်းပေးရန် စီစဉ်နေသည်ဟု ဆန်းဖလားဝါးသဘာဝဆိုးဆေးယက်ကန်းရုံက သိရပါသည်။

လက်ယက်ကန်းလုပ်ငန်းအတွက် ကုန်ကြမ်းအများဆုံးထွက်ရှိသည့် ဒေသအနီးရှိ အကျဉ်းထောင်တွင် သင်တန်းပို့ချသွားမည် ဖြစ်သည်ဟုသိရပါသည်။

ထိုကဲ့သို့ သင်တန်းလုပ်ဆောင်ပေးသည့်အတွက် အကျဉ်းသားများ၏ စိတ်ပိုင်းဆိုင်ရာများကို ပြုပြင်ပေးနိုင်မည်ဖြစ်ပြီး အကျဉ်းဦးစီးဌာနနှင့်လည်း အရင်ဆုံးဆွေးနွေးသွားမည်ဟု ဆန်းဖလားဝါး သဘာဝဆိုးဆေးယက်ကန်းထုတ်လုပ်ရေး မန်နေဂျာဒေါ်ဖြူအိသိမ်းက ပြောပါသည်။

မြန်မာနိုင်ငံက ထုတ်လုပ်နေသည့် သဘာဝဆိုးဆေး လက်ယက်ကန်းအထည်များကို ပြည်တွင်းဈေးကွက်တွင်သာထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ပြီး ပြည်ပနိုင်ငံများကိုမူ တင်ပို့နိုင်ခြင်းမရှိသေးကြောင်း သိရပါသည်။(မြစ်မခ)

## ကလေးဝမြို့နယ်တွင်းမှ စာသင်ကျောင်း(၃၀)ကျော် ဆိုလာလျှပ် စစ်မီးလင်းရေးအတွက် ပြင်သစ်နိုင်ငံ ပညာရေးဖောင်ဒေး ရှင်းမှလှူဒါန်းပေးမည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့နယ်ရှိ စာသင်ကျောင်းပေါင်း (၃၀)ကျော်ကို ဆိုလာစနစ်နှင့်လျှပ်စစ်မီးလင်းနိုင်ရန် ပြင်သစ်နိုင်ငံပညာရေးဖောင်ဒေးရှင်းနှင့် EDFလျှပ်စစ်ကုမ္ပဏီတို့ပူးပေါင်းလှူ ဒါန်းပေးသွားမယ်လို့ ကလေးဂမြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ထံမှသိရပါသည်။

ထို့ကြောင့် ပြင်သစ်နိုင်ငံပညာရေးဖောင်ဒေးရှင်း၊ EDF လျှပ်စစ်ကုမ္ပဏီက တာဝန်ရှိသူများနှင့် ကလေးဝမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးကိုကိုနိုင် တို့သည် လျှပ်စစ်မီးပေးလှူသင့်သောကျောင်းများကိုရွေးချယ်နိုင်ရန် နိုဝင်ဘာ(၈)ရက်နေ့တွင်ကလေးဝမြို့နယ်ထဲမှ စာသင်ကျောင်းများကို ကွင်းဆင်းလေ့လာမည်ဟု သိရပါသည်။

ကလေးဂမြို့နယ်ထဲတွင် ဆိုလာစနစ်မီးလင်းရေးအတွက် အလှူခံစာရင်းတင်ထားသည့် စာသင် ကျောင်းပေါင်း(၄၀)ရှိသည်ဟုသိရပါသည်။ဆိုလာစနစ်တပ်ဆင်ပေးမည့် ကျောင်းများကို နိုဂင်ဘာလထဲတွင် အပြီးရွေးချယ်မည်ဖြစ်ပြီး ၂၀၁၇ခုနှစ်၊ဇန်နဝါရီလတွင် တပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရပါသည်။(မြစ်မခ)

# သမ္မာကျမ်းစာပြိုင်ပွဲနှင့် သမ္မာကျမ်းစာကော်မရှင်၏(၁၀)နှစ်မြောက်အထိမ်းအမှတ် ပွဲတော်ညောင်လေးပင်တွင်ကျင်းပမည်

ဖေဖော်ဝါရီလ၊ ၂၀၁၇ခုနှစ် ညောင်လေးပင်မယ်တော်ပွဲတွင် ဒုတိယအကြိမ်မြန်မာနိုင်ငံလုံးဆိုင်ရာ သမ္မာကျမ်းစာပြိုင်ပွဲနှင့် သမ္မာကျမ်းစာကော်မရှင်၏ (၁၀)နှစ်မြောက် အထိမ်းအမှတ်ပွဲတော်ကိုလည်းစည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်ရှိပါသည်။

ပြိုင်ပွဲဝင်ရန်အတွက် သာသနာတစ်ခုလျှင် (၁၀)ဦးပါဝင်ခွင့်ပြုမည်ဖြစ်ရာ ပြိုင်ပွဲဝင်မည့်သာသနာအနေနှင့် ပြိုင်ပွဲဝင်(၁၀)ဦးနှင့် အုပ်ချုပ်သူ(၁)ဦး အမည်စာရင်းကို လှုံ့ဆော်ပြန်ကြားရေးတာဝန်ခံ ဖေဘီယံ-ဦးမြင့်မောင် အမှတ်၂၈၉/သိမ်ဖြူလမ်း၊ ဖုန်းနံပါတ်(၀၉-၄၃၀-၂၃၉၁၂) ထံ(၂၀၊၁၊၂၀၁၇)နေ့ မတိုင်မီအရောက်ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ၂၀၁၇-ခုနှစ်၊ ဒုတိယအကြိမ်သမ္မာကျမ်းစာပြိုင်ပွဲအတွက် စည်းကမ်းချက်များ

### (က) ပြိုင်ပွဲအမျိုးအစား

၁။ ဘာသာတူများ၊ သမ္မာကျမ်းစာနှင့် အသင်းတော်ဆိုင်ရာ အချက်အလက်များအားစိတ်ဝင်စားလေ့လာကြစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

### (ခ) ပြိုင်ပွဲဝင်အရည်အချင်း ကန့်သတ်ချက်

၂။ သာသနာနယ်(၁၆)ခုအတွင်း နေထိုင်ကြသည့် အသက်(၁၄)နှစ်ပြည့်ပြီး ခရစ္စမားအားပေးခြင်းရပြီးသူတိုင်းပါဝင်နိုင်သည်။

၃။ ကိုရင်ဖြစ်နိုင်ရန် မိုင်းနားကျောင်းနေဖူးသူ၊ စစ္စတာရဲလောင်းသင်တန်းတက်ဖူးသူ၊ ဓမ္မဆရာ/ဆရာမ သင်တန်းတက်ဖူးသူများအား ပါဝင်ဖြေဆိုခွင့်မပြုပါ။

၄။ ယခင်နှစ်က ပထမရသူ ပုသိမ်သာသနာမှ J.M ဖရန်စီနား၊ မန္တလေးသာသနာမှ ဒုတိယဆုရသူ ဒေါ်ရိုစ်မေရီ နှင့် တတိယဆုရသူ မြစ်ကြီးနားသာသနာမှ မောင်ဂျိုးဇက်ဘောစကိုရဲန္ဒဆွေ တို့အားပါဝင်ဖြေဆိုခွင့်မပြုပါ။

၅။ ပြိုင်ပွဲဝင်များသည် ပူးတွဲပါပုံစံကို မိမိတို့ သာသနာအလိုက် မိတ္တူကူးပြီး အချက်လက်ပြည့်စုံစွာရေးဖြည့်၍ ကိုယ်တိုင်လက်မှတ်ရေးထိုးကာ တာဝန်ခံဘုန်းတော်ကြီး၏ ထောက်ခံချက် လက်မှတ်ရေးထိုးကာ တာဝန်ခံဘုန်းတော်ကြီး၏ ထောက်ခံချက်လက်မှတ်နှင့် တံဆိပ်တုံးရိုက်ပြီး စုပေါင်းပေးပို့ရမည်။

၆။ ပုံစံပေါ်တွင် ယခုနှစ်နိုဝင်ဘာလအတွက် ရိုက်ကူးထားသော ရောင်စုံပတ်စ်ပို့ဓါတ်ပုံကပ်လျက် အပို(၂)ပုံ ပူးတွဲပါရှိရမည်။

၇။ ပုံစံပေါ်တွင် သက်ဆိုင်ရာသာသနာ၏ရုံးတံဆိပ်ရိုက်နှိပ်ပြီး သာသနာမှ အသိအမှတ်ပြုကြောင်း ထင်ရှားစေရမည်။

၈။ ပြိုင်ပွဲဝင်ပုံစံကို အပြည့်အစုံစုစည်းပြီး သမ္မာကျမ်းစာတာဝန်ခံဘုန်းတော်ကြီးကဖြစ်စေ၊ စစ္စတာရဲကဖြစ်စေ၊ ဖေဘီယံဦးမြင့်မောင်၊ အမှတ်(၂၈၉)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့သို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၂၀) ရက်မတိုင်မီ အရောက်ပေးပို့ကြရမည်။ ပေးပို့သည့်နေ့တွင် ဖုန်းနံပါတ် (၀၉-၄၃၀၂၃၉၁၂)သို့ ဆက်သွယ်သတင်းပို့စေလိုပါသည်။

၉။ ညောင်လေးပင်သို့ ထွက်ခွာလာလျှင် ရောက်ရှိမည့်ရက်နှင့် ရောက်ရှိမည့်အချိန်(ခန့်မှန်းချက်)ကို ဦးတင်မြင့်(ဖုန်း-၀၉၅၁၅၅၇၇၃) နှင့် ဦးလာဇရူး (ဖုန်း-၀၉၅၀၂၁၄၃၇)သို့အချိန်မီဆက်သွယ်ကြစေလိုပါသည်။

### (ဂ)စခန်း၌ တည်းခိုရေးနှင့်စားသောက်ရေး

၁၀။ ပွဲတော်အလံတင်သည့်နေ့မှစ၍ ရောက်ရှိတည်းခို စားသောက်နိုင်ပါသည်။

၁၁။ ပွဲတော်အတွင်း သတ်မှတ်စည်းကမ်းဖြင့်သာ နေထိုင်ကြရမည်။ မူးယစ်သောက်စားခြင်း၊ လောင်းကစားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းများအားခွင့်ပြုမည်မဟုတ်ပါ။

၁၂။ အုပ်ချုပ်သူသည် ဘာသာတူဖြစ်ပါက အသင်းနှင့်အတူ ကြီးကြပ်နေထိုင်ရပါမည်။ ကျင်းပရေး ကော်မတီရုံးအဖွဲ့၊ သုံးထပ်ဆောင်အောက်ထပ်သို့ ဆက်သွယ်သတင်းပို့ထားကြပါမည်။

၁၃။ အုပ်ချုပ်သူသည် ဘုန်းကြီး၊ သီလရှင်များဖြစ်ပါက နေရာစီစဉ်နိုင်ရန်အတွက် ကြိုတင်အကြောင်းကြားရမည်။

### (ဃ)ပြိုင်ပွဲခန်းသို့ဝင်ရောက်ခြင်း

၁၄။ ပြိုင်ပွဲအကြိုနေ့တွင် စည်းကမ်းများရှင်းလင်းခြင်း၊ မေးမြန်းခြင်းများပြုနိုင်ရန် ည(၇း၀၀)နာရီ၌ ဘုရားကျောင်းအတွင်းအားလုံးစုဝေးရောက်ရှိကြရပါမည်။

၁၅။ ထိုရှင်းလင်းပွဲတွင် ပြောပြထားသည့် စည်းကမ်းချက်များအတိုင်း အခန်းတွင်းသို့ ဝင်ရောက်ဖြေဆိုကြရမည်။

၁၆။ ဖြေဆိုနေစဉ် အချင်းချင်းတိုင်ပင်မေးမြန်းခြင်း လုံးဝမလုပ်ရပါ။ မရှင်း၍မေးလိုလျှင် မိမိနေရာတွင်မတ်တပ်ရပ်လိုက်ပါက တာဝန်ရှိသူများ ချက်ချင်းရောက်လာပြီး ကူညီပေးမည်ဖြစ်သည်။

၁၇။ စည်းကမ်းဖောက်ဖျက်၍ ထုတ်ပယ်ခံရပါက နောင်ကျင်းပမည့်ပြိုင်ပွဲများတွင် လုံးဝပါဝင်ဖြေဆိုခွင့်ရမည်မဟုတ်ပါ။

### (စ) ပြိုင်ပွဲဖြေဆိုခြင်း

၁၈။ ဖြေဆိုရန်ခွင့်ပြုချိန်(၂)နာရီဖြစ်ပြီး အနည်းဆုံး(၁)နာရီနှင့် မိနစ်(၃၀)နောက်ပိုင်းမှသာအခန်းတွင်းမှ ထွက်ခွာခွင့်ပြုမည်။

### (ဆ) အဆင့်သတ်မှတ်ခြင်း

၁၉။ ပြိုင်ပွဲကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၇) ရက်နံနက်(၀၉း၀၀) နာရီတွင် စတင်ဖြေဆိုရမည်။ ရေးဖြေအမှတ်ချင်းတူပါလျှင် (ပ-ဒု-တ)ဆု နေရာများဖြစ်ပါက နှုတ်ဖြေထပ်မံဖြေဆိုကြရမည်။

၂၀။ ဆုချီးမြှင့်မည့် အစီအစဉ်တွင် ဆုရသူများအသင့်လက်ခံရယူနိုင်ရန် မပျက်မကွက် ပွဲတော်အတွင်း ရှိနေကြရပါမည်။

၂၁။ ဆုရရှိကြောင်း ကြေငြာပြီးသော်လည်းတစ်ဦးဦးသည် သာသနာပုံရိပ်ထိခိုက်စေရန် ပြုမူကျူးလွန်ခဲ့ပါလျှင် ထိုသူအားပယ်ဖျက်ပြီး အောက်တစ်ဆင့် အနီးကပ်ဆုံးရှိသူအား အစားထိုးချီးမြှင့်မည်ဖြစ်သည်။

၂၂။ ပြိုင်ပွဲကျင်းပရေး ဗဟိုကော်မတီသည် စည်းကမ်းချက်များနှင့်ပတ်သက်၍ ပယ်ဖျက်ခြင်း၊ တိုးမြှင့်ခြင်း စသည်ဖြင့် အခြေအနေနှင့် အချိန်အခါကိုလိုက်၍ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

### (ဇ) နိဂုံး

၂၃။ ယခုနှစ်ပါဝင်ဖြေဆိုကြသည့် သာသနာအားလုံးနှင့် ဖြေဆိုသူတစ်ဦးစီအား ဤကော်မတီမှ များစွာဂုဏ်ပြုကြောင်း ဖော်ပြလိုပါသည်။

၂၄။ ပြိုင်ပွဲဝင်အသင်းများ၏ အသွားအပြန်စရိတ်များအား ဤကော်မတီမှကျခံပေးမည်မဟုတ်ပါ။**(ပြိုင်ပွဲကျင်းပရေးကော်မတီ)**

## ပထမအကြိမ် သမ္မာကျမ်းစာနှင့် ကက်သလစ်အသင်းတော်ဆိုင်ရာဗဟုသုတ ပြိုင်ပွဲဝင်ပုံစံ

ဓါတ်ပုံ
ကပ်ရန်

၁။ မှတ်ပုံတင်ပါအမည်နှင့်နံပါတ် ..............................

၂။ ဆေးကြောခြင်းအမည် ..............................

၃။ ခရစ္စမားအားပေးခြင်းခံယူသည့် ..............................

နေရာနှင့်ပေးခဲ့သည့်ဆရာတော် ..............................

၄။ အဘအမည် ..............................

၅။ မွေးသက္ကရာဇ် ..............................

၆။ အလုပ်အကိုင် ..............................

၇။ သာသနာအတွင်းပါဝင်သော အဖွဲ့အစည်း ..............................

..............................

..............................

..............................

..............................

..............................

၈။ ပါဝင်ဖြေဆိုသော သာသနာအမည် ..............................

..............................

(ပြိုင်ပွဲဝင်သူ၏ရေးထိုးမြဲလက်မှတ်)

အထက်ပါအကြောင်းအရာများမှန်ကန်ကြောင်း တာဝန်ယူပါသည်။

သက်ဆိုင်ရာ
သာသနာ၏
ရုံးတံဆိပ်

တာဝန်ခံဘုန်းတော်ကြီး၏ ..............................

(ရေးထိုးမြဲလက်မှတ်)

(အမည် .............................. )

# သမ္မာကျမ်းစာပြိုင်ပွဲပါဝင်မည့် မေးခွန်းများနှင့်မေးခွန်းပုံစံများ

ယခုနှစ် ညောင်လေးပင်ပွဲတော်တွင်ပြုလုပ်မည့် သမ္မာကျမ်းစာပြိုင်ပွဲတွင် ပါဝင်မည့် မေးခွန်းများနှင့်မေးခွန်းပုံစံများမှာအောက်ပါအတိုင်းဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၁။မေးခွန်းပုံစံများမှာ (က)အမှားအမှန်ရွေးခြင်း၊ (ခ)အမှန်ဆုံးအားရွေးချယ်ခြင်း၊ (ဂ)ကွက်လပ်ဖြည့်ခြင်းများ။

၂။ မေးမြန်းမည့်သမ္မာကျမ်းစာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (က) မိုးဇယ်၏ကျမ်း(၅)စောင်နှင့် ရာဇဝင်ကျမ်းများ (ခ) ပရောဖက်ကျမ်းများ (ဂ)တမန်တော်ဝတ္ထု ရှင်ပေါလုပေးစာနှင့် ဟေဗြဲဩဝါဒ (ဃ)ဧဝံဂေလိကျမ်းနှင့် ရှင်ယောဟန်ကျမ်းများ

**မှတ်ချက်။ ။တွဲဘက်ကျမ်း(၉)စောင်၊ ဆာလံကျမ်း၊ ပညာလိမ္မာကျမ်းနှင့် ဆော်လမွန်သီချင်းများပါဝင်မည်မဟုတ်ကြောင်း (ပြိုင်ပွဲကျင်းပရေးကော်မတီ)**

## ရောဝတီဘဏ်မှ သိန်း(၁၅၀)အထိချေးငွေထောက်ပံ့နိုင်မည့် Education Loan ဝန်ဆောင်မှုပေးမည်

ရောဝတီဘဏ်က မြန်မာနိုင်ငံတွင်ရှိသည့် ကျောင်း(၄)ခုတွင် အများဆုံးကျပ်သိန်း (၁၅၀)အထိ ပညာသင်ကြေးချေးငှားပေးနိုင်မည့် Education Loan ဝန်ဆောင်မှုကို နိုဝင်ဘာ (၄) ရက်ကစပြီး ဝန်ဆောင်မှုပေးသွားမည် ဖြစ်သည်ဟု ရောဝတီဘဏ်မှ သိရပါသည်။မြန်မာနိုင်ငံက လူငယ်များသည် ပညာရေးပိုင်းတွင်ပိုပြီးတိုးတက်လာစေရန်နှင့်သင်ယူမှုများ ပိုလုပ်နိုင်ရန်ထောက်ပံ့ခြင်းဖြစ်သည်ဟု AYA Bank က Retial Banking Director ဦးသူရမောင်က အောက်တိုဘာ ၄ ရက်နေ့တွင်ပြောခဲ့သည်။

ထိုချေးငွေဝန်ဆောင်မှုသည် အနည်းဆုံးငွေ(၅)သိန်းမှ သိန်း(၁၅၀)အထိချေးငွေထုတ်ယူနိုင်ပြီး ပညာသင်ကြားမည့်သင်တန်းကြေး၏ အများဆုံး(၈၀)ရာခိုင်နှုန်းအထိ ထုတ်ချေးပေးမည်ဖြစ်ပြီးအတိုးနှုန်းသည် ချေးငွေပမာဏ၏ (၁၃)ရာခိုင်နှုန်းရှိမည်ဖြစ်သည်ဟုသိရပါသည်။

ချေးငွေ၏(၂၀)ရာခိုင်နှုန်းကို ကနဦးပေးသွင်းရမည်ဖြစ်သည့်အပြင် ကျန်ငွေများကို အရစ်ကျနှင့်ပြန်လည် ပေးအပ်နိုင်မည်ဖြစ်ပြီး ပြန်ဆပ်ရမည့်ကာလမှာ (၅)နှစ်အထိရှိမည်ဟု သိရပါသည်။

## ကက်သလစ်ဓမ္မတေးသီချင်း အခွေများ

နေ့စဉ်မစ္ဆားတရားပူဇော်ရာတွင် အသုံးပြုသီဆိုနေသော ဓမ္မသီချင်းများကို ခေတ်ပေါ် တူရိယာများအသုံးပြု၍ အသံစုံဖြင့်ညီညာစွာဖော်ကြူးထားသောဓမ္မသီချင်းအခွေကို ကာရာအိုကေဖြင့်သီဆိုနိုင်ရန် ဖန်တီးထားပါသည်။ ထိုသို့ဖန်တီးထားရခြင်းမှာမည့်သည့်ဝတ်ပြုခြင်း အခမ်းအနားများတွင်မဆို နှိုးနှိုးကြားကြားဖြင့် လွယ်ကူစွာအသုံးပြုနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ပထမဦးဆုံးဓမ္မတေးသီချင်းဆိုပြိုင်ပွဲမှ ဆန်ကာတင် လက်ရွေးစင်ကိုးဦးတို့၏ သီးချင်းအသစ်များ ကိုလည်း DVDတေးစီးရီးအဖြစ် ထုတ်လုပ်နေပါသည်။ ထို့အပြင် ခရစ္စမတ်တေးသီချင်းများကိုလည်း မြန်မာနိုင်ငံ ကက်သလစ်အနုပညာရှင်များအဖွဲ့အစည်း(CCAA)မှ တေးသံရှင်များ မှ သီဆိုပုံဖော်ကာထုတ်လုပ်မည် ဖြစ်ပါသည်။



ထိုခွေများကို မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်တွင် ဖွင့်လှစ်ထားသော "STUDIO TRINITA" တွင် အသံသွင်းနေပြီဖြစ်ရာ မကြာမီအချိန်တွင် ၎င်းဓမ္မတေးသီချင်းခွေကို မြန်မာနိုင်ငံလုံးဆိုင်ရာ ပြန်ကြားရေးနှင့်လူထုဆက်သွယ်ရေးရုံး (CBCM-OSC) ရုံးမှဖြန့်ချီပေးမည်ဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။

### CBCM-Herald အလှူရှင်များ

| | | |
|---|---|---|
| ၁ | ဦးသြဂုတ်စတင်းမိသားစု (ရန်ကုန်) | ၅ ၀၀၀ |
| ၂ | ဦးဂျွန်မိသားစု (ပြင်ဦးလွင်) | ၁၀ ၀၀၀ |
| ၃ | ဒေါ်စန်းကြည်(လားရှိုး) | ၂ ၀၀၀ |
| ၄ | ဒေါ် မယော်နန် (လားရှိုး) | ၃ ၅၀၀ |
| ၅ | ကျောင်းဒကာ မာတီယာဦးမောင်ဖိုး နောင်ယား(ခ) လွိုင်ကော်မှ ဘုရားသခင်အားကျေးဇူးတင်ခြင်း အတွက် နိုဝင်ဘာလတစ်လစာ | ၃ ၀၀၀ |
| ၆ | ပါစကားမန်စွမ်းလျံ | ၅၀၀၀၀ |
| ၇ | အမည်မဖော်လိုသူ | ၂၅၀၀၀ |
| ၈ | ဒေါ်လုကြည် | ၁၀၀၀၀ |

## ရန်ကုန်မြို့သစ်စီမံကိန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်နေ

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ရှိသည့် တွံတေး၊ ကြည့်မြင်တိုင်၊ ဆိပ်ကြီးခနောင်တို မြို့နယ် (၃) မြို့နယ်တို့၏ မြေဧရိယာပေါ်တွင် ရန်ကုန်မြို့သစ်စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု ရန်ကုန်မြို့တော်ဝန်ထံမှ သိရပါသည်။

မြို့သစ်စီမံကိန်းလုပ်ရန်ကိစ္စမှာ ဝန်ကြီးချုပ်၏လမ်းညွှန်မှုနှင့် ဆောင်ရွက်နေခြင်းဖြစ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင်လည်း ရန်ကုန်မြို့တော်၏ နှစ်အလိုက်တိုးပွားလာသည့်လူဦးရေအတွက်လူနေအိမ်များ၊ ရပ်ကွက်များ၊ စက်ရုံအလုပ်ရုံနှင့် တခြားစီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ဖို့ လိုအပ်သည်ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောပါသည်။

နိုဝင်ဘာလ(၄)ရက်နေ့တွင်ပြုလုပ်သည့် ဒုတိယအကြိမ်ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တတိယပုံမှန်အစည်း အဝေး (၁၄) ရက်မြောက်နေ့တွင် တွံတေးမဲဆန္ဒနယ် အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းကိုမြို့တော်ဝန်က ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့သစ်စီမံကိန်း မြေဧရိယာများသည် လက်ရှိဆောင်ရွက်ဖို့ လျာထားသည့် ရန်ကုန်မြို့၏ အဆင့်မြှင့်ဆိပ်ကမ်း အလုစီမံကိန်းအတွက် အဓိကအချက်အချာကျသည့် မြေဧရိယာများဖြစ်လာနိုင်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းများတိုးချဲ့ရန် လိုအပ်နေသည်ဟုသိရပါသည်။(မြစ်မခ)

## ချင်းတွင်းမြစ်အတွင်း တိမ်းမှောက်နစ်မြုပ်ခဲ့သည့်အမြန်ရေယာဉ်၏ ပိုင်ရှင်နှစ်ဦးနှင့် ရေယာဉ်မောင်းတစ်ဦးအား ထပ်မံအမှုဖွင့်

ချင်းတွင်းမြစ်ထဲ၌ တိမ်းမှောက်နစ်မြုပ်ခဲ့သည့် အောင်စိုးမိုးကျော်(၂) ခရီးသည်တင်အမြန်ရေယာဉ်၏ ပိုင်ရှင်နှစ်ဦးနှင့် ရေယာဉ်မောင်းတစ်ဦးတို့ကို ၂၀၁၅ ခုနှစ် ပြည်တွင်းရေကြောင်းသွားလာရေး ရေယာဉ်ဥပဒေပုဒ်မနှင့် နိုဝင်ဘာ (၄) ရက်က ကနီမြို့မရဲစခန်းတွင်ထပ်မံအမှုဖွင့်ထားသည်ဟု သိရပါသည်။

ထိုသူသုံးဦးမှာ ကနီမြို့နယ်၊ အုန်းပင်ဆိပ်ကျေးရွာမှ အသက်(၄၀)နှစ်အရွယ်နှင့် (၂၇)နှစ်အရွယ် ရေယာဉ်ပိုင်ရှင်နှစ်ဦး၊ ကနီမြို့နယ်၊ ချိုင်ရွာမှ အသက်(၄၀)အရွယ် ရေယာဉ်မောင်းတစ်ဦးတို့ဖြစ်သည်ဟု သိရပါသည်။

ရေယာဉ်ကို နှစ်ဦးစပ်တူထောင်ထားခြင်းဖြစ်ပြီး ပိုင်ရှင်တစ်ယောက်နှင့်ယာဉ်မောင်းကိုဖမ်းမိထားပြီး ပိုင်ရှင်တစ်ယောက်ကိုမူ ဖမ်းမမိသေးကြောင်းသိရပါသည်။

ရေယာဉ်မောင်းမှာအောက်တိုဘာ ၂၈ ရက်က သူကိုယ်တိုင် လာအဖမ်းခံခဲ့ခြင်းဖြစ်သည်။ ရေယာဉ်မောင်းကို အောက်တိုဘာ (၁၅) ရက်ကတည်းကအမှုဖွင့်ခဲ့ပြီး ယခုအခါ ၂၀၁၅ ခုနှစ် ပြည်တွင်း ရေကြောင်းသွားလာရေး ရေယာဉ်ဥပဒေပုဒ်မနှင့် ထပ်ပြီးအမှုဖွင့်ထားခြင်းဖြစ်သည်ဟု ကနီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်မြင့်က ပြောပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ကင်းအုပ်စု၊ မိချောင်းတွင်းကျေးရွာနားတွင် အောက်တိုဘာ ၁၅ ရက်နေ့က ချင်းတွင်းမြစ်အတွင်းတိမ်းမှောက်နစ်မြုပ်ခဲ့သည့် ဟုမ္မလင်းမြို့မှ မုံရွာမြို့သို့ စုန်ဆင်းလာသော အေးငြိမ်းချမ်းသာ အမြန်ရေယာဉ်အသင်းက အောင်စိုးမိုးကျော်(၂) ခရီးသည်တင်အမြန်ရေယာဉ်တိမ်းမှောက်မှုတွင် ခရီးသည်(၁၅၉)ဦးကိုကယ်ဆယ်နိုင်ခဲ့ပြီး ကနီမြို့နယ်၊ ဘုတလင်မြို့နယ်၊ မုံရွာမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ ချောင်းဦးမြို့နယ်နဲ့ မကွေးတိုင်းဒေသကြီးတို့တွင်သေဆုံးခဲ့သည့်ရုပ်အလောင်းစုစုပေါင်း (၇၃)လောင်းရှာဖွေတွေ့ရှိခဲ့ပြီး ယခုထိပျောက်ဆုံးနေသည့်သူ(၇)ဦးရှိနေသည်ဟု သိရပါသည်။

**(မြစ်မခ)**





# မရမ်းချောင်းကျောင်းသားဟောင်းများတွေ့ဆုံ

ပုသိမ်ကက်သလစ်သာသနာ ၊ မရမ်းချောင်းမြို့နယ်ရှိ မရမ်းချောင်းပုသိမ်ဗဟိုတွင် နိုဝင်ဘာလ ၄ ရက် နှင့် ၅ ရက်နေ့တို့၌ ကျောင်းသားဟောင်းများဆုံဆည်းပွဲ အခမ်းအနားအစီအစဉ်တစ်ရပ်ကို ပြုလုပ်ခဲ့ပါသည်။ ထိုအစီအစဉ်ကို မရမ်းချောင်းရဟန်းဖြစ်သင်ကျောင်းတွင် မစ္ဆားတရားဖြင့်အစပြုခဲ့ကြပါသည်။ သေလွန်သွားခဲ့ကြသော ကျောင်းသားများအတွက်လည်း မရမ်းချောင်းသင်္ချိုင်းတွင် သွားရောက်ကာ ဆုတောင်းပေးခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။ ထိုနေ့ရက်အစီအစဉ်များထဲတွင် ဧရာဝတီတိုင်း ဝန်ကြီးချုပ်ဖြစ်သော ဝန်ကြီးချုပ်မန်းဂျော်နီလည်း ပါဝင်အားဖြည့်ပေးခဲ့ကြောင်းသတင်းရရှိပါသည်။





## ကွယ်လွန်သူကို မီး သဂြိုလ်ခြင်း ... ..စာ(၈)




## ထွက်လာမည့် DVDများ




Christmas သီချင်းအသစ်များကို ကက်သလစ်အနုပညာရှင် အယောက် ၃၀ ကျော်(CCAA)ပါဝင် တီးခတ် သီဆိုအားဖြည့်ထားသည့် DVD ကို နိုဝင်ဘာလ ပထမအပတ်မှာ တစ်ပြိုင်တည်းဖြန့်ချီပါမယ်။ ဒုတိယဓမ္မတေးဖြစ်တဲ့ Trinita Star (မြန်မာနိုင်ငံတွင်ပထမဆုံးပြုလုပ်ကျင်းပခဲ့တဲ့ ဓမ္မတေးသီချင်းဆိုပြိုင်ပွဲ) ရဲ့သီချင်းများကို ၂၀၁၇ နှစ်သစ်ကူးမှာ ဖြန့်ချီပါမယ်။ တတိယ ဓမ္မသီချင်း(ဝတ်ပြုကိုးကွယ်ခြင်းမှာ အသုံးပြုနေတဲ့ဓမ္မသီချင်း)များကို ညောင်လေးပင်မယ်တော်ပွဲတော်မှာ ဖြန့်ချီပါမယ်။ DVDအခွေများကို မိမိတို့နှင့် အနီးစပ်ဆုံးဆရာတော်ကျောင်းများနှင့် လူထုဆက်သွယ်ရေးရုံးများမှာ ပို့ပေးထားပါမယ်။ ကိုယ်စားလှယ်ဖြန့်ပေးချင်တဲ့သူများရှိရင်လည်းအကြောင်းကြားပေးပါ။

**မေတ္တာရပ်ခံခြင်း။** မူရင်းအခွေများကိုသာအားပေးကြပါ။ Copy လုပ်တယ်ဆိုတာ မူပိုင်ခွင့်ပြုချက်လိုအပ်ပါတယ်။ မူပိုင်ခွင့်ပြုချက်မရပဲ copy မပြုလုပ်ခြင်းဖြင့် အချင်းချင်း ကူညီရင်းပံ့ပိုးအားပေးကြပါစို့။ ကျေးဇူးတင်လျှက်...Fr.Leo Mang SDB - CBCM-OSC Director)



